# ဆရာဇော်ဂျီ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ

ဒေါ်စန်းမြင့်*


## စာတမ်းအကျဉ်း

"ဆရာဇော်ဂျီ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ" စာတမ်း၌ ဝတ္ထုတိုများ ရေးဖွဲ့ရာတွင် ဆရာဇော်ဂျီသည် ဝတ္ထုတိုဖန်တီးမှု အတတ်ပညာများကို ကျွမ်းကျင်လိမ္မာစွာ အသုံးချ၍ ရေးသားတင်ပြပုံကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထိုစာတမ်းတွင် အခန်း(၁)၌ စာရေးဆရာ၏ အတ္ထုပ္ပတ္တိ၊ အခန်း(၂)၌ ဝတ္ထုတိုသဘော၊ အခန်း (၃)၌ ဇော်ဂျီ၏ ဝတ္ထုတိုဖန်တီးမှု အတတ်ပညာတို့ ပါဝင် ပါသည်။ ဆရာဇော်ဂျီ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာကို လေ့လာတင်ပြရာ၌ ကိုလိုနီခေတ်တွင် ဆရာဇော်ဂျီရေးသားခဲ့သော 'ဖိုးမာဒင်'၊ 'ဦးသောဘိတနှင့် ကိုခင်'၊ 'သော့တွဲနှင့် နတ်ရုပ်' ဆိုသည့် ဝတ္ထုတို (၃)ပုဒ်ကို ရွေးချယ်၍ လေ့လာတင်ပြထားပါသည်။ ထို ဝတ္ထုတိုများကို ဆရာဇော်ဂျီသည် မည်ကဲ့သို့သောဝတ္ထုအတတ်ပညာများကို သုံး၍ ရေးသားထားသည်ကို ဆန်းစစ် တင်ပြထားပါသည်။ ဝတ္ထုတစ်ပုဒ်ချင်းတွင် အသုံးပြုသည့် အတတ်ပညာ များ မတူဘဲ ကွဲပြားပုံများကို ဖော်ပြထားပါသည်။


## နိဒါန်း

ဝတ္ထုတို စာပေအဖွဲ့ပုံစံသည် အနောက်နိုင်ငံများ၌ ၁၈ ရာစုခန့်မှ စတင်၍ ပေါ်ထွန်းလာခဲ့ပြီးလျှင် မြန်မာနိုင်ငံ၌ ၁၉၁၇ ခုနှစ်တွင် ဆရာကြီး ရွှေဥဒေါင်း၏ မောင်သိန်းတင် မသိန်းရှင် ဝတ္ထုတိုမှ စ၍ ထွန်းကားလာခဲ့ပါသည်။ ထိုမှတစ်ဆင့် ဆရာကြီးရွှေဥဒေါင်း၊ ပီမိုးနင်း၊ မဟာဆွေ စသည့် စာရေးဆရာကြီးများသည် မြန်မာ့ဝတ္ထုတိုလမ်းကြောင်းကို ဆက်လက် တီထွင်ပေးခဲ့ကြသည်။ ဆရာဇော်ဂျီ၏ ယခု လေ့လာတင်ပြထားသော ဝတ္ထုတိုအပါအဝင် ဝတ္ထုတိုများသည် ၁၉၃၄ ခုနှစ်ခန့်မှ စ၍ ရေးသားခဲ့သော ဝတ္ထုတိုများဖြစ်ပါသည်။ ဖိုးမာဒင်ဝတ္ထုသည် ၁၉၃၄ ခုနှစ်တွင် ထုတ်ဝေခဲ့သော ခေတ်စမ်းပုံပြင်စာအုပ်ထဲ၌ ပါဝင်သည်။ ထိုခေတ်စမ်းပုံပြင်ပါ ဝတ္ထုများမှာလည်း ထိုခေတ် တက္ကသိုလ်ကျောင်းသား ဆရာများဖြစ်သည့် သိပ္ပံမောင်ဝ၊

* ကထိက၊ မြန်မာစာဌာန၊ ပုသိမ်ပညာရေးကောလိပ်

ဇော်ဂျီ၊ မင်းသုဝဏ်၊ သတိုးမောင်၊ မောင်ဘသောင်းတို့၏ ဂန္ထလောကမဂ္ဂဇင်း၊ သမဂ္ဂမဂ္ဂဇင်း စသည်များတွင် ရေးသားဖော်ပြ ထုတ်ဝေခဲ့သော ဝတ္ထုတိုများသာ ဖြစ်ပါသည်။ ဆရာဇော်ဂျီသည် ခေတ်စမ်းစာပေကို ဦးဆောင်ခဲ့သူများတွင် ပါဝင်ခဲ့သည့်အလျောက် သူ၏ဝတ္ထုတိုများသည် ရှေးအစဉ်အလာမှ တစ်မူခွဲထွက်ကာ အတွေးအမြင်၊ အရေးအဖွဲ့၊ တင်ပြပုံ ဆန်းသစ်လာသည်ကို တွေ့ရသည်။

ဝတ္ထုတိုများကို လေ့လာကြည့်ရာတွင် ခေတ်စမ်းမတိုင်မီက ဝတ္ထုများသည် ဇာတ်လမ်းကို ဦးစားပေးပြီး မြူပ်ကွက်၊ လှည့်ကွက်ကို အများဆုံး အသုံးပြုသည်။ ဆရာဇော်ဂျီ၏ ဝတ္ထုများတွင်မူ ဇာတ်ဆောင်စရိုက်အဖွဲ့၊ လူ့သဘာဝအဖွဲ့များကို အားပြုရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ဇာတ်လမ်းဇာတ်ကွက်ကို အသားမပေးဘဲ လူ့လောက၌ တွေ့ရသည့် လူတို့၏ သဘော၊ ဖြစ်ရပ်တစ်ခုခုကို အလင်းပေး တင်ပြထားသည်ကို တွေ့ရပါသည်။ ယခုလေ့လာ တင်ပြထားသော ဝတ္ထုတို (၃)ပုဒ်၌ပင်လျှင် ဇာတ်လမ်းကို အသားပေးသောဝတ္ထုများ မဟုတ်ဘဲ တင်ပြပုံတွင်လည်း လူ့စရိုက်၊ လူ့အမူအရာတစ်ခုခု၊ လူတို့၏ဖြစ်ရပ်တစ်ခုခုကို အလေးပေး၍ ဇာတ်လမ်းဆင် တင်ပြထားသည့် သဘောများကို ဝတ္ထုတိုအတတ်ပညာဖြင့် ချိန်ထိုး လေ့လာတင်ပြထားပါသည်။

## ၁။ ဇော်ဂျီ၏အတ္ထုပ္ပတ္တိအကျဉ်း

ဆရာဇော်ဂျီသည် ဖျာပုံမြို့၌ ၁၉၀၇ ခုနှစ်တွင် ဖွားမြင်သည်။ ဖျာပုံမြို့ အစိုးရကျောင်း၌ ပညာသင်ယူရာမှ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ အမျိုးသားနေရှင်နယ်ကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ထို့နောက် မြို့မအထက်တန်းကျောင်း၌ ပညာဆက်လက်သင်ယူရာ ၁၉၂၄ ခုနှစ်၌ ဆယ်တန်း အောင်သည်။ ၁၉၂၄–၂၅ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်ကောလိပ်တွင် ပညာ ဆက်လက်သင်ယူရာ ၁၉၂၈–၂၉ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်သည်။ ၁၉၃၄ ခုနှစ်တွင် မဟာဝိဇ္ဇာတန်းတက်၍ ၁၉၃၆ ခုနှစ်တွင် မဟာဝိဇ္ဇာတန်း အောင်သည်။

၁၉၃၀ ပြည့်နှစ်မှ ၁၉၃၈ ခုနှစ်အတွင်းတွင် ရန်ကုန်တက္ကသိုလ်ကောလိပ်၌ မြန်မာစာနည်းပြ အဖြစ်ဖြင့် လည်းကောင်း၊ ရန်ကုန်မြို့ မြို့မအထက်တန်းကျောင်း၌ အထက်တန်းပြဆရာအဖြစ်ဖြင့် လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် စာကြည့်တိုက် ဒီပလိုမာဘွဲ့အတွက် အစိုးရ ပညာတော်သင်အဖြစ် လန်ဒန်တက္ကသိုလ်၌ လည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်တက္ကသိုလ်၌ လည်းကောင်း ပညာသင်၍ ဒီပလိုမာဘွဲ့ရသည်။

၁၉၄၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကောလိပ် စာကြည့်တိုက်မှူး၊ ထို့နောက် ဒုတိယ ကမ္ဘာစစ်အတွင်း ပညာရေးဌာန ညွှန်ကြားရေးဝန်၊ ကျောင်းသုံးစာအုပ် ရေးသား ထုတ်ဝေရေးကိစ္စ၊ စာကြည့်တိုက် ကိစ္စတို့တွင် ပါဝင် ဆောင်ရွက်သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသောအခါ ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့် တိုက်၌ ဗဟိုစာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်ပြီး ၁၉၆၄ ခုနှစ်တွင် ပင်စင်ယူခဲ့ သည်။ ထိုအတွင်း ၁၉၄၇–၄၈ ခုနှစ်တို့၌ တိုင်းပြုပြည်ပြုလွှတ်တော်ရုံး အထူးအရာရှိ အဖြစ်လည်းကောင်း၊ ၁၉၅၂ မှ ၁၉၅၇ အတွင်း ပြည်တော်သာစီမံကိန်းအရ ကျောင်းသုံးစာအုပ် ထုတ်လုပ်ရေး ညွှန်ကြားရေးဝန်အဖြစ် လည်းကောင်း ဆောင်ရွက် ခဲ့သည်။ ထို့နောက် ၁၉၆၅ မှ ၁၉၇၅ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် လက်အောက်၌ ပညာရပ်ဝေါဟာရကော်မတီ၏ ဥက္ကဋ္ဌ၊ မြန်မာသမိုင်းကော်မရှင်၏ ဥက္ကဋ္ဌ (နောင်အခါ ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံသမိုင်းသုတေသန ဦးစီးဌာန) ၏ ဥက္ကဋ္ဌ (နောင်အခါ ညွှန်ကြားရေးမှူးချုပ်) အဖြစ်ဖြင့် ထမ်းရွက်ခဲ့သည်။

အထက်တန်းကျောင်း၌ ပညာသင်ယူစဉ်ကပင် မြန်မာကဗျာများ ရေးသည်။ ထို့နောက် ဝတ္ထုတိုအချို့ ရေးသည်။ ရသစာပေဝေဖန်ရေး စာများကို လည်းကောင်း၊ သင့်နိုးရာရာ မြန်မာဘာသာပြန်များကို လည်းကောင်း ရေးသားခဲ့သည်။ ပုံနှိပ်ထုတ်ဝေ ခဲ့သော စာအချို့မှာ ကဗျာ ပေါင်းချုပ်သစ်၊ ဇော်ဂျီ၏စာ၊ ခေတ်စမ်းဝတ္ထုတိုများ၊ ရသစာပေအဖွင့် စာတမ်းများ၊ ရသစာပေ နိဒါန်း စာတမ်းများ၊ ရသစာပေ၏သဘော စာတမ်းများဖြစ်သည်။ မြန်မာဘာသာပြန်များမှာ မဟာဆန်ချင်သူပြဇာတ်၊ နိဘယ် ဆုရ စာရေးဆရာကြီးများ၏ ဝတ္ထုတို (၃၄)ပုဒ်၊ ပလေတို၏ ကထာအချို့တို့ ဖြစ် သည်။ ဤသို့ဖြင့် နိုင်ငံအကျိုး၊ မြန်မာစာပေအကျိုး သယ်ပိုးခဲ့သော အမျိုးသား စာဆိုကြီး ဆရာဇော်ဂျီခေါ် ဦးသိန်းဟန်သည် ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂၆ ရက်နေ့၊ နံနက် ငါးနာရီခွဲအချိန် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘောဇလမ်း၊ အမှတ်(၁၀/က) နေအိမ်တွင် ကွယ်လွန် အနိစ္စရောက်ခဲ့သည်"[၁]

## ၂။ ဝတ္ထုတို၏သဘော

ဝတ္ထုတိုသည် ဒိဋ္ဌဓမ္မလောကနှင့်မကင်းကွာရသကဲ့သို့ စိတ်ကူးယဉ်မှုနှင့်လည်း မကင်းကွာနိုင်ပေ။ ဝတ္ထုရေးသူသည် တကယ့်ဘဝမှဖြစ်ရပ်များကိုအခြေခံ၍ စာဖတ်သူ တို့အပိုင်းမှ သဘာဝကျသည်ဟု ထင်ရအောင် ရေးဖွဲ့ရသည်။ တစ်ဖက်မှလည်း

[၁] ဇော်ဂ ၊ ၁၉၉၈၊ အမှာစာ။

ထိုသဘာဝထက်ပို၍ ချစ်စရာ၊ လွမ်းစရာ၊ မုန်းတီးစရာ ခံစားမှုများ မြင့်တက်လာအောင် ဖန်တီးရသောကြောင့် စာရေးသူ၏ စိတ်ကူးနှင့် ဖန်တီးမှုအပိုင်းပါရသည်။ ထိုအချက်များသည် ဝတ္ထုတိုနှင့် ဝတ္ထုရှည်တူသော်လည်း ဝတ္ထုတို၏ သဘောမှာ ကျစ်လျစ်ရသောကြောင့် ခက်ခဲသည်ဟု မှတ်ယူရသည်။

ဝတ္ထုတိုဟု အမည်တပ်ထားသည့်အတိုင်း တိုရပါမည်။ ဝတ္ထုတိုဖြစ်ရန် စာရေးသူသည် အကြောင်းအရာတစ်ခုခုကိုသာ အလေးပေး၍ ခြယ်မှုန်း ရေးဖွဲ့ရပါသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ကမ္ဘာ့ဝတ္ထုတိုကို စတင် ဖော်ထုတ်ခဲ့သူ အက်ဂါအယ်လန်ပိုး၏ အဆိုကိုယူ၍ ပါမောက္ခ ဦးမျိုးမင်းက–

> "ဝတ္ထုတိုတွင် အဖြစ်အပျက်များသည် အဓိကမဟုတ်၊ စာရေးဆရာ၏ ဆိုလိုချက်၊ တင်ပြချက်သာလျှင် အဓိကဖြစ်သည်။ စာရေးဆရာသည် စာဖတ်သူ အာရုံကျက်စားစေလိုသောသဘောတစ်ရပ်၊ အချက်တစ်ချက် သုံးသပ်ချက် တစ်ရပ်ကို မူတည်ပြီးလျှင် ယင်းလိုရာအချက်သို့ ရောက်အောင် သဘောပေါ်လွင်အောင် အဖြစ်အပျက်များကို ဖန်တီးရသည်"[၁]

ဟု ဆိုထားပါသည်။ ထို့အပြင်–

> "ဝတ္ထုတိုသည်တိုရမည်။အာရုံပြန့်ကျဲမှုမရှိဘဲအချက်တစ်ချက်ပေါ်တွင် စူးစိုက်နိုင်လောက်အောင် ဝတ္ထုဇာတ်အိမ် တည်ဆောက်ထားရမည်။ စာဖတ်သူအာရုံကို နက်နဲစွာ ဆွဲဆောင်နိုင်ရမည်"[၂]

ဟူ၍ ထပ်ဆင့်ဖော်ပြခဲ့ပါသည်။

ဝတ္ထုတိုသည် ဖွဲ့စည်းတင်ပြပုံအားဖြင့် တိုသော်လည်း အကြောင်းအရာနယ်ပယ်မှာမူ ကန့်သတ်မှုမရှိပေ၊ အလွန်နက်ရှိုင်းသော အကြောင်းအရာများကိုလည်း ဝတ္ထုတိုဖြင့် တင်ပြ နိုင်သည်။ ထိုသို့တင်ပြရာ၌ စာဖတ်သူကို ရသခံစားမှုပေးနိုင်စွမ်း ရှိမရှိမှာ စာရေးသူအပေါ်၌သာ တည်ပါသည်။

ထိုသဘောကို ဒဂုန်တာရာက–

> "ဝတ္ထုတိုဆိုသည်ကား ဝတ္ထုစာသား အတိုင်းအတာ 'တိုခြင်း' အနက်ကို ယူခြင်းမဟုတ်သည်ကို သိလာရ၏။ အတွေးအခေါ်

[၁] မျိုးမင်း၊ ဦး (ပါမောက္ခ–)၊ ၁၉၆၀၊ နိဒါန်း။

[၂] မျိုးမင်း၊ ဦး (ပါမောက္ခ–)၊ ၁၉၆၀၊ နိဒါန်း။

> တစ်ခု၊ အဖြစ်အပျက် တစ်ခု၊ အကြောင်းအရာတစ်ခု၏ ကြီး ကျယ် လေးနက်ခြင်းကို ဖော်ပြခြင်း ပင်ဖြစ်၏"[၁]

ဟု မိန့်ဆိုထားသည်။

ဝတ္ထုတိုဖန်တီးရေးသားရာတွင် ဇာတ်လမ်းအတတ်ပညာလိုအပ်ပုံကို ဆရာ မင်းကျော်က–

> "ဇာတ်လမ်းသည် စာရေးဆရာ၏ စိတ်ကူး၊ အတတ်ပညာပိုင်း ဆိုင်ရာ ကျွမ်းကျင်မှုနှင့် သဘောထားတို့တွင် အခြေပေါ်ပေါက် လာရသည်။ ဇာတ်လမ်းဖွဲ့စည်းမှု အပိုင်းကိုမူ စာရေးဆရာသည် မိမိ၏ အတတ်ပညာပိုင်းဆိုင်ရာ ခံယူချက်အရ ဖန်တီးဖွဲ့စည်း နိုင်သည်ဟု သဘောရပါသည်"[၂]

ဟုလည်းကောင်း၊

ဆရာဇော်ဂျီကလည်း ဇာတ်လမ်းဖွဲ့စည်းမှု စနစ်နှင့်ပတ်သက်၍–

> "ဇာတ်လမ်း နည်းစနစ်တွင်ကား (က) ဇာတ်လမ်း အစပျိုးမှု ပါရသည် လည်းကောင်း၊ (ခ) ထို့နောက် အဖြစ်အပျက်များနှင့် ဇာတ်ဆောင်များ၏အမှုအရာများ၌ နှစ်ဖက်အုပ်စုတို့၏ အားပြိုင် မှုများ ပါကြရသည်ဟု လည်းကောင်း၊ (ဂ) ထို့နောက် အုပ်စု နှစ်စုတို့၏ အနိုင်အရှုံး ဖော်ထုတ်မှု ပါရသည်ဟု လည်းကောင်း၊ (ဃ) ထို့နောက် အနိုင်အရှုံးပေါ်လာမှု ပါရသည်ဟုလည်းကောင်း၊ (င) ထို့နောက်ဇာတ်လမ်းအဆုံးသတ်မှုရှိရမည်ဟု လည်းကောင်း သဘော (၅)ခုကို ဆရာ့ဆရာများ ဆိုခဲ့ကြသည် မဟုတ်ပါ လော"[၃]

ဟူ၍ ဖော်ပြထားရာ ဇာတ်လမ်းတွင် ဝတ္ထုကိုစလျှင်စချင်း အသက်ဝင်လာအောင် လှုံ့ဆော်ပေးမှု လိုအပ်ကြောင်း သိရပါသည်။

ဇာတ်ဆောင်ဆိုသည်မှာ "ဇာတ်၊ ရုပ်ရှင် စသည်တို့တွင် ပါဝင်သူ"ဟု မြန်မာအဘိဓာန် ကျမ်းတွင် ဖော်ပြထားသည်။

---

[၁] တာရာ၊ ( ဒဂုန်–)၊ ၁၉၆၇၊ ၂၃၅။

[၂] မင်းကျော်၊ ၁၉၇၅၊ ၃၆၃။

[၃] ဇော်ဂျီ၊ ၂၀၀၉၊ ၁၉၇။

စာရေးဆရာမင်းကျော်ကမူ ဇာတ်လမ်း၊ ဇာတ်ဆောင်နှစ်မျိုးတွင် ဇာတ်ဆောင်သည် ပို၍အရေးပါသည်ဟု ယူဆသည်။ ထိုသဘောကို–

> “ဇာတ်လမ်းတွင် ပါဝင်သူများသည် ဇာတ်ကိုဖန်တီးသူများ ဖြစ်သည်။ တစ်နည်း ဇာတ်လမ်းကို ဆောင်ရွက်သူများဖြစ်သည်။ သူတို့သည် ဇာတ်လမ်းနောက်သို့ လိုက်ကြရသည့် မဖြစ်ရာ၊ ဇာတ်လမ်းကိုဦးဆောင် ဖန်တီးသူများသာ ဖြစ်ရမည်”[၁]

ဟု ဆိုထားပါသည်။

ဝတ္ထုတိုတွင် ဇာတ်ဆောင်တို့၏ ဖြစ်ရပ်များ ဖြစ်ပျက်သည့် နေရာဒေသနှင့် အချိန်ကာလကို ကာလဒေသနောက်ခံဟု ခေါ်ဆိုပါသည်။ ဒေသနောက်ခံသည် နေရာဒေသအချို့၌ ဖြစ်နိုင်သည်။ ရပ်ကွက်တစ်ခု၊ တိုက်ခန်းပါဝင်သော တိုက်တစ်တိုက်၊ ပင်လယ်ကမ်းခြေတစ်ခု စသည်တို့လည်း ဖြစ်နိုင်သည်။ အချိန်ကာလဆိုရာ၌ ဇာတ်လမ်းပါ ဖြစ်ရပ်အချိန်ကာလကို ဆိုလိုသည်။ ခေတ် တစ်ခေတ်လည်း ဖြစ်နိုင်သည်။ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ် စသည်တို့လည်း ဖြစ်နိုင်သည်။ လသာသောည၊ လမိုက်သောည၊ မိုးရွာသောနေ့ စသည်တို့လည်း ဖြစ်နိုင်သည်။ အချိန်ကာလနှင့် နေရာဒေသ ပါမှသာ အသင့် ယုတ္တိရှိလာသည်။ ထိုသဘောကို သိန်းဖေမြင့်က —

> “ဇာတ်လမ်းနှင့် ဇာတ်အိမ်တည်ဆောက်ရန် ရေခံမြေခံလိုသည်။ ရေခံမြေခံကိုမှီ၍သာ အဆင်ပြေသော ဇာတ်အိမ်ဇာတ်လမ်းများ တည်ဆောက်နိုင်သည်။ ထိုရေခံမြေခံသည်ကား လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးစသော လူ့လောက၏ အရေးအရာများကို ထင်ဟပ် ဖော်ပြထားသော ဝတ္ထုတည်ရာ ရေခံမြေခံ ဖြစ်သည်။ ရေခံမြေခံ ကောင်းသည်နှင့်အမျှ ဇာတ်လမ်းဇာတ်အိမ် ခမ်းနားသည်။ ထို့ကြောင့် ဝတ္ထုရေးလိုလျှင် လူ့လောက၏ အရေးအရာများကို လူတို့အတွက် အဓိပ္ပာယ်ရှိသော ရေခံမြေခံကို အကွက်ကျကျ ရွေးချယ်တတ်ဖို့လိုသည်”[၂]

ဟူ၍ ကာလဒေသနောက်ခံသဘော၏ အရေးပါမှုကို ဖော်ပြထားပါသည်။

---

[၁] မင်းကျော်၊ ၁၉၇၅၊ ၃၇၂။

[၂] သိန်းဖေမြင့်၊ ၁၉၆၈၊ ၁၈၃။

## ၃။ ဇော်ဂျီ၏ဝတ္ထုတိုများလေ့လာချက်

### ၃၊ ၁။ ဖိုးမာဒင်

"ဖိုးမာဒင်" ဝတ္ထုကို ဆရာဇော်ဂျီသည် ၁၉၃၃ ခုနှစ် နိုဝင်ဘာလတွင် ဂန္ထလောက မဂ္ဂဇင်း၌ ရေးသားခဲ့ပါသည်။ ဆရာ၏ဝတ္ထုများသည် သာမန်အားဖြင့် ဖတ်ကြည့်လျှင် အကြောင်းအရာများသည် လေးနက်သည်ဟု မထင်ရပေ။ သို့ရာတွင် စာဖတ်သူအနေနှင့် တဖြည်းဖြည်းချင်း ခံစားကြည့်ပါမှ စာရေးသူဆိုလိုသော အကြောင်းအရာသည် ကျယ်ပြန့်နေတတ်သည်။ သိမ်မွေ့ နက်ရှိုင်းနေတတ်သည်။ နက်နက်နဲနဲ ဖတ်ရှုခဲ့လျှင်မူ အကြောင်းအရာနယ်ပယ်သည် ကျယ်ပြန့် ရုံမျှသာမက တင်ပြမှုအတတ်ပညာမှာလည်း တစ်မျိုးတစ်ဖုံ ထူးခြားဆန်းကြယ်နေတတ်သည်ကို တွေ့ရပါသည်။

ဖိုးမာဒင်ဝတ္ထုတိုဇာတ်လမ်းအကျဉ်းမှာ ဖိုးမာဒင်ဆိုသည့် ရုပ်သေးဆရာတစ်ဦး၏ဘဝကို တင်ပြခြင်း ဖြစ်သည်။ ဖိုးမာဒင်သည် ရုပ်သေးဆရာ တစ်ဦးဖြစ်သည်။ လွန်ခဲ့သောနှစ် (၃၀)ခန့်က ရှမ်းပြည်နယ်၌ လှည့်လည်၍ ရုပ်သေးကပြစဉ် သူ့ကို ချစ်နေသူတစ်ဦးက ပြုစားလိုက်သည်။ ထိုအချိန်မှစ၍ ရုပ်သေးစင်ပေါ်၌ မသီဆိုနိုင်တော့ပေ။ အရပ်ရပ်လှည့်လည်၍ ဆုံလည်နွားကဲ့သို့ ဖြစ်နေသည်။ ဖိုးမာဒင်သည် ဇရာထောင်းသည့်အရွယ်ဖြစ်၍ ခါးကိုင်း၍ ခြေလက်တို့မှာ အကြောပြိုင်းပြိုင်း ထနေသည်။ မျက်စိသည် အတန်ငယ်မှဲ့ဟန်ရှိသည်။ သူ၏မျက်လုံးများမှာ ကြည်လင်ပြီးလျှင် မာကြောလှသည်။

ဖိုးမာဒင်သည် မင်းသမီးရုပ်သေးရုပ်ကလေးတစ်ရုပ်၊ ထန်းခေါက်ဖာတစ်လုံး၊ ပေါင်းမိုးမိုးထားသည့် လှေငယ်တစ်စင်းသာရှိသည်။ ထိုလှေဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိရွာငယ်များသို့ နှံ့စပ်အောင် သွားလာ လှော်ခတ်လျက်ရှိသည်။ လှေငယ်ဆိုက်ကပ်ရာ ရွာတိုင်းတွင် သူသည်မင်းသမီးရုပ်ကို ထန်းခေါက်ဖာအတွင်းမှထုတ်၍ ပုခုံး၌ ကျောချင်းကပ်ပိုးလွယ်ကာ ရွာရိုးသို့ လျှောက်၍သွားသည်။ အရိပ်ကောင်းကောင်း တစ်ခုတွင် ကြိုးဆွဲကပြ သီဆိုလေ့ရှိသည်။ ဖိုးမာဒင်သည် ရှေးရိုး ရုပ်သေးဆရာကြီးပီသစွာ သီချင်းကောင်းများကို ကျနစွာ စည်းကျဝါးကျ သီဆိုနိုင်သည်။ ခေတ်ကာလအလျောက် ပေါ်သောသီချင်းများကိုလည်း အတန်အသင့် ဆိုနိုင်သည်။ အရွယ်နှင့်မလိုက်အောင်ဖျော်ဖြေသည်။ သူ၏ဖျော်ဖြေမှုကိုတွေ့ရသောလူတိုင်းသည် အဖိုးအိုအားသနား ကြသည်။ သဒ္ဓါကြသည်။ ရောက်ရာအရပ်မှ တွေ့သည့်သူများက ကျွေးမွေးစောင့်ရှောက်ကြသည်။ ဖိုးမာဒင်သည် ကပြဖျော်ဖြေသည့်အချိန်မှတစ်ပါး လူအများနှင့်ကင်းကင်းကွာကွာ နေတတ်သည်။ သူ၏အရုပ်ကို ကစေပြီး သီချင်း သီဆိုစဉ် နားထောင်သူတို့ ငေးမောနေသောအခါတွင် သူ၏ မျက်နှာသည်လန်းလာပြီး

အသံများသည်လည်း ပို၍ ကြည်လင်လာသည်။ တစ်နေ့တွင်မူ ရွာအနီးအနား တောအုပ်တစ်ခုအတွင်း၌ရှိသော တဲကလေးပေါ်၌ ဖိုးမာဒင် သေဆုံးနေသည်ကို တွေ့ရပြီး သူ၏မင်းသမီးအရုပ်ကလေးကို သူ၏အနား၌ တွေ့ရသည်။

ဖိုးမာဒင်ဝတ္ထု၏ ဇာတ်လမ်းသည် ထူးခြားဆန်းကြယ်နေပါသည်။ မည်သို့မျှ စိတ်ဝင်စားဖွယ် မကောင်းသော အထီးကျန်ရုပ်သေးပညာရှင် အဖိုးကြီးတစ်ယောက်၏ ဘဝကို ဝတ္ထုတိုတစ်ပုဒ်အဖြစ် ဖန်တီးတင်ပြထားသည်။ ခေတ်စမ်းစာပေ ပေါ်ထွန်းစကာလတွင် ရေးသားခဲ့သောဝတ္ထု ဖြစ်ပြီး ၁၉၃၄ ခုတွင် ဦးဖေမောင်တင်က သူ့တပည့်များ၏ ဝတ္ထုတိုများကို စုစည်း၍ ခေတ်စမ်းပုံပြင်အမည်နှင့် ထုတ်ဝေသော စာအုပ်တွင် ဤဝတ္ထုပါဝင်သည်။ ခေတ်ကိုစမ်းသပ်၍ တက္ကသိုလ် ကျောင်းသားလူငယ်များသည် ဝတ္ထုတိုများကို ရေးသားရာ၌ ရှေးအစဉ်အလာဝတ္ထုများထက် လောကကို ရှုမြင်တင်ပြပုံ ထူးခြားလာသည်ကို တွေ့ရသည်။

ထိုဝတ္ထုတွင်ပါဝင်သော အဓိကဇာတ်ဆောင်မှာ ဖိုးမာဒင်ဖြစ်သည်။ ဖိုးမာဒင်သည် အစဉ်အလာဝတ္ထုများကဲ့သို့ စိတ်ဝင်စားဖွယ် ကောင်းသော၊ ပျိုရွယ်သော၊ သူရဲကောင်းဆန်သော၊ အများကြိုက် ဇာတ်ဆောင်မျိုး မဟုတ်ပေ။ ထိုဇာတ်ဆောင်ကိုပင် စာရေးသူက စာဖတ်သူတို့ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဇာတ်လမ်းဆင် တင်ပြနိုင်စွမ်းရှိပါသည်။ စာရေးသူသည် ဇာတ်ဆောင်ရွေးချယ်ရာ၌ ရဲရင့်သည်။ ပရိသတ်အကြိုက်ကို မလိုက်ဘဲ မိမိတင်ပြလိုသော ဘဝဒဿနတစ်ခုပေါ်တွင် အခြေခံ၍ ပုံဖော်ထားသည်။ ဇာတ်ဆောင်သွင်ပြင်ပုံပန်းကို စာရေးသူက–

> "ဖိုးမာဒင်သည် ဇရာဒုလ္လဘ၏ ဖိစီးနှိပ်စက်ခြင်းကို ခံနေရသူတစ်ဦးဖြစ်သည့်အားလျော်စွာ ခါးကိုင်းကိုင်း၊ ခြေလက်တို့မှာ အကြော ပြိုင်းပြိုင်းထလျက် မျက်စိသည် အတန်ငယ်မွဲဟန် ရှိလေသည်။ ထိုအဖိုးအိုသည် နဂိုကပင် တုံနိဘော နေတတ်သဖြင့် အကယ်၍သာ ကိုယ်လက်အင်္ဂါ လှုပ်ရှားခြင်းမရှိခဲ့ပါမူ မြန်မာ့ကျောင်း တန်ဆောင်းများ၌ တွေ့တတ်၊ မြင်တတ်သော သူအိုကမ္ဗဋ္ဌာန်းရုပ် သာသာပင်ဟု တွေးတောစရာ ဖြစ်တော့သည်။ သို့ရာတွင် သူသည် မျက်လုံး အလွန်ကြည်လင်၍ အသံသည်လည်း မာကြောလှသည်။"[၁]

ဟု သရုပ်ဖော် တင်ပြထားသည်။ ဇာတ်ဆောင်သည် ပရိသတ်အကြိုက် မဟုတ်ဘဲ တစ်မျိုးတစ်ဖုံ ထူးခြားနေသည်။ ဇာတ်ဆောင်၏ အိုမင်းသောပုံအသွင်ကို စာရေးသူ

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၆။

သည် မချွင်းမချန် ရဲရဲရင့်ရင့် သရုပ်ဖော်ခဲ့သည်။ ဇာတ်ဆောင်၏ အိုမင်းခြင်းနှင့် သူ့ကျော၌ ပိုးလွယ်ထားသော မင်းသမီးလေး၏ လှပနုပျိုခြင်း ဆိုသည့် ဆန့်ကျင်ဘက်အနေအထားနှစ်ခုကို ယှဉ်တွဲလျက် ဆရာဇော်ဂျီက–

> "သူ၏မျက်နှာတွင်ထူထပ်သောမျက်ခုံးမွေး၊ ပြင်းတွဲသောပါးရေ၊ နှုတ်ခမ်းပေါ်တွင် ဖုံးအုပ်နေသော ဖြူဆွတ်ဆွတ် နှုတ်ခမ်းမွေးများ ရှိလေသည်။ သူသည် မည်သည့်အခါမျှ ရွှင်ပြုံးသည်ဟူ၍ မရှိ။ အစဉ်အုံ့မှိုင်းသောကောင်းကင်ကဲ့သို့ တွေဝေငေးမောလျက် ရှိလေသည်။ သို့ရာတွင် သူ၏ ကျော၌ ပိုးလွယ် ထားသော မင်းသမီးကလေး၏ မျက်နှာပုံမှာ မျက်လုံး ဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်၊ ပါးပြင်လေးမှာချောမွတ်လျက် နှုတ်ခမ်းများမှာ ဟင်္သာပြဒါးရောင် ဆေးနီဆိုးထား၍ ချိုပြုံးသောမျက်နှာလေး ရှိလေသည်။"[၁]

ဟု သရုပ်ဖော်ရေးဖွဲ့ထားပါသည်။ ဇာတ်ဆောင်ဖိုးမာဒင်နှင့် သူ၏မင်းသမီးရုပ်လေးကို နှိုင်းယှဉ်၍ ဖွဲ့ပြပုံမှာလည်း အတွေးဆန်းသည်ဟု ထင်မြင်မိပါသည်။

သူ၏ဇာတ်ဆောင်အဖွဲ့နှင့် အရုပ်ကလေးကိုဖွဲ့သော အဖွဲ့နှစ်ခုတွင် တွေးစရာအနက်များ ပါဝင်နေသည်ဟု ထင်မြင်မိသည်။ သက်ရှိ လူသားသည် ဇရာထောင်းလာသည်နှင့်အမျှ ရုပ်သွင်ပြင် ပြောင်းသော်လည်း သက်မဲ့အရုပ်ကလေးမှာမူ ပင်ကိုယ်အတိုင်း အသွင်မပြောင်းဘဲ အစဉ်ချိုပြုံးလှပနေသည့်သဘောကို တင်ပြလိုဟန် ရှိသည်။ လူသားသည် သက်ရှိသည့်အတွက် မလှုပ်ရှားနိုင်သော အရုပ်ကလေးကို လှုပ်ရှားအောင် ကြိုးဆွဲနိုင်သည်။ သို့ရာတွင် မိမိ၏ဇရာကိုမူ ကြိုးဆွဲနိုင်ခြင်း မရှိခဲ့ပေ။ ဖိုးမာဒင်မှာ အရွယ်အိုသည်နှင့်အမျှ မပြုံးနိုင်တော့သော်လည်း အရုပ်ကလေးမှာမူ ပြုံးမြဲ ပြုံးနေသည်။ အဆိုပါနှိုင်းယှဉ်အဖွဲ့သည် ထူးခြားပြီးလျှင် စာရေးသူ တင်ပြလိုသော ဘဝဒဿန အနုပညာစိတ်ကူးများ ပါဝင်သည်ကို တွေ့ရပါသည်။

ဖိုးမာဒင်၏ စရိုက်မှာလည်း ထူးခြားလှသည်။ သူ၏အနုပညာ ဖျော်ဖြေမှုကြောင့် ရောက်လေရာအရပ်တွင် လူများ၏ ကြင်နာစွာ ကျွေးမွေးစောင့်ရှောက်မှုကို ခံရသော်လည်း ခံမင်ခြင်း မရှိလှပေ။ ဝမ်းဝရုံသာစားပြီး လှေကလေးဆီသို့ ပြန်သွား သည်။ လူအများ၏ဝေဖန်မှုကလည်း သူ့အပေါ်၌ ထိရောက်စေခြင်းမရှိ။ ထိုကဲ့သို့ စရိုက်ဆန်းပုံကို ဆရာဇော်ဂျီက–

---

[၁] – ယင်း–၊ ၁၇။

> "နားဆင်သူတို့၏ ဆန္ဒကိုဖြည့်ပြီး၍ တစ်ထွာမျှသော မိမိဝမ်းကို ဝစေပြီးလျှင် လူနံ့ကိုမခံချင်သောအမူအရာဖြင့် မိမိ၏ ပေါင်းမို့မို့လေှကလေးဆီသို့ အမိအရ ပြန်သွားတတ်လေသည်။ အချို့က အဖိုးအိုအား ချီးမွမ်းကြသည်။ အချို့က အဖိုးအိုသည် မာနကြီးသည်တကား၊ လူဆန်းပြား ဖြစ်လေသည်တကားဟု ပြောတတ်လေသည်။ သို့ရာတွင် ထိုစကားနှစ်ရပ်သည် ဖိုးမာဒင်၏ စိတ်တွင် အစွန်းအထင်းမျှမထိ၊ ဘာသာ အလျောက်ပင် နေတတ်လေသည်။ လူ့လောကနှင့် ခပ်ခွာခွာနေခြင်းကို သူနှစ်ခြိုက်ဟန်တူလေသည်။"[၁]

ဟု ရေးသားတင်ပြထားပါသည်။ ဖိုးမာဒင်ကဲ့သို့ ရုပ်သေးဆရာ အဖိုးကြီးတစ်ဦး၏ အလွန်ရိုးစင်းလှသောဘဝကိုပင် ဆရာဇော်ဂျီသည် ပရိသတ်ကို စိတ်ဝင်စားလာအောင် တင်ပြနိုင်ခဲ့သည်။ အညတရဇာတ်ဆောင်တစ်ဦး၏ ဘဝသည် တင်ပြပုံဆန်းကြယ်သောကြောင့် စာဖတ်သူတို့အား စိတ်ဝင်စားမှုကို ဖြစ်စေသည်။ စိတ်ဝင်စားမှုနှင့်အတူ အတွေးများကိုလည်း ဖြစ်စေသည်။ ဖိုးမာဒင်သည် မည်သည့်အတွက် ဤကဲ့သို့ နေသနည်းဟုလည်း တွေးကြသည်။ ထို့အပြင် မိမိတို့ ပတ်ဝန်းကျင်များ၌ ဖိုးမာဒင်နှင့်တူသော လူမျိုးများကိုလည်း ရှာဖွေကြည့်ကြသည်။ ဖိုးမာဒင် ဝတ္ထုကို သင်္ကေတဝတ္ထုဟုလည်း ဆိုကြသည်။ လူ့လောကတွင် တွေ့နိုင်သော လူအချို့တို့၏ အမူအရာ၊ စိတ်နေစိတ်ထား တို့ကို ဖိုးမာဒင်ဇာတ်ဆောင်ဖြင့် သင်္ကေတပြု ရေးဖွဲ့ထားသည်ဟုလည်း ယူဆနိုင်သည်။

စာရေးသူသည် သူ၏ဇာတ်ဆောင် ဖိုးမာဒင်ကို သူ၏အနုပညာ၌ သာယာတတ်သော ပရိသတ်အား သူ၏အနုပညာဖြင့် ဖျော်ဖြေနေရခြင်းကို အထူးပင်ကြည်နူးခံစားတတ်သူတစ်ဦးအဖြစ် တင်ပြထားသည်။ ထိုသို့ တင်ပြရာတွင်လည်း အနုပညာသမားစစ်စစ်တို့၏ အောင်မြင် ကျော်ကြားမှု၊ လူသိများမှုဆိုသည့် လူ့ပတ်ဝန်းကျင်၏ အငွေ့အသက်များကို မတပ်မက်။ မိမိအနုပညာဖြင့် လောကကို သာယာကြည်နူးဖွယ်ဖြစ်အောင် ဖျော်ဖြေပေးရခြင်း၊ လောကအလှ ဆင်ရခြင်းကိုသာ နှစ်သက်တတ်သည့် အနုပညာသည်များ၏ဘဝကို ဖိုးမာဒင်နှင့် သင်္ကေတပြု၍ တင်ပြထားသည်ဟုလည်း ယူဆနိုင်ပါသည်။

စာရေးသူ အလေးပေးတင်ပြလိုသည့် အနုပညာသည်တို့၏ အနုပညာစေတနာကို —

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၈။

> "ဖိုးမာဒင်၏ ထူးဆန်းသောအချက်တစ်ခု ရှိသေး၏။ ထိုအချက်ကို သေချာစုံစမ်းနိုင်မှ တွေ့မြင်သည်။ အထူးသဖြင့် သူသည် အရုပ်ကို ကစေ၍ သီချင်းဆိုလိုက်သဖြင့် နားထောင်သူတို့ ငေးမောနေသောအခါတွင် သူ၏အို့မှိုင်းလျက်နေသော မျက်နှာသည် လန်းလာ၍ အသံသည်လည်း တိုး၍ ကြည်လင်လာတတ်သည်။ သူ၏ ကြုံလှီသောကိုယ်ကာယသည်လည်း အသစ်အသစ်သော ခွန်အားဗလတို့ဖြင့် ကြီးထွားလာသည်ဟု ထင်မှတ်ရလေသည်။ သီချင်းဆုံးသောအခါ ဖိုးမာဒင်သည် ကြားနာသူတို့အား မသိမသာကြည့်၍ လိုရာသို့ ထွက်သွားတတ် လေသည်"[၁]

ဟု ရေးဖွဲ့တင်ပြထားပါသည်။ စစ်မှန်သောအနုပညာရှင်တို့၏ ဘဝနှင့်ခံစားချက်၊ ခံယူချက်များကို ကရုဏာသက်ဖွယ် လွမ်းဆွေးတမ်းတဖွယ်၊ ဆင်ခြင်ဖွယ်ဖြစ်အောင် ရေးဖွဲ့တင်ပြထားပါသည်။

ဖိုးမာဒင်၏အလောင်းဘေး၌ ကျန်ရစ်သည့် အရုပ်ကလေး၏အနေအထားကို–

> "တဲနံရံတွင် အမိပင် သေဆုံးခဲ့သော်လည်း သောကဗျာပါဒဟူသည် မြူခြည်မျှ မရှိ၊ ရွှင်ကြည်လျက်နေတတ်သော အကလေးကဲ့သို့ ချိုပြုံးသောမျက်နှာကလေးဖြင့် ရင်ကလေးကိုချီမကာ သူ၏မင်းသမီးရုပ်ကလေးသည် တွဲလွဲဆွဲလျက် ရှိသည်။ သက်ရှိဖိုးမာဒင်နှင့် သက်မဲ့အရုပ်ကလေး တို့၏ အနေအထားချင်း ကွာခြားပုံကို ထန်းခေါက်အထက် တဲနံရံ၌ မင်းသမီးရုပ်ကလေးသည် ပြုံးလျက်ရှိသည်။ ဖိုးမာဒင်မှာကား ချိုပြုံးသော မင်းသမီးရုပ်ကလေးနှင့်နေရခြင်းကို အဆုံးသတ်လိုက်လေသည်။ အိုသခင်ဖိုးမာဒင် အသင်သည် လူခပ်သိမ်းတို့အား အသင်၏ အသံဖြင့် မွေ့လျော်စေခဲ့သည်။ အသင် ကောင်းရာသုဂတိ လားပါစေ။ ကျွန်ုပ်သည် ဤသို့ပင် ဆုတောင်း လိုက်ပါသည်။"[၂]

ဟု ရေးဖွဲ့ထားပါသည်။

ဆရာဇော်ဂျီသည် သူ၏ဝတ္ထုများတွင် နောက်ခံအဖွဲ့များကို ထည့်သွင်းလေ့ရှိသည်။ ထိုအဖွဲ့များကို ဇာတ်လမ်းနှင့်ဆက်စပ်ရာတွင် အချို့ဝတ္ထုများ၌ ဆက်စပ်မှုရှိပုံသည် ထင်ရှားပြီး အချို့ဝတ္ထုများ၌ ဆက်စပ်မှုသဘောကို အတွေးရခက်စေပါ

---

၁ ဇော်ဂျီ၊ ၁၉၉၉၊ ၁၈။

၂ ဇော်ဂျီ၊ ၁၉၉၉၊ ၂၀။

သည်။ ဆရာဇော်ဂျီ၏ နောက်ခံ အဖွဲ့များသည် ဝတ္ထုနှင့် ဆက်စပ်ပတ်သက်အောင် ဖန်တီးယူရာ၌ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ဖိုးမာဒင်ဝတ္ထု၏ ဇာတ်လမ်းအဖွင့်တွင် ဇာတ်ကြောင်းပြောသူ၏ အမြင်ကို–

> "ကျွန်ုပ်သည် တစ်ညနေတွင် အနောက်ဘက်ကောင်းကင်သို့ ငေးမျှော်လျက်နေမိသည်။ ကောင်းကင်ဝယ် တိမ်လွှာတို့သည် အချို့ကားရွှေရွှေ၊ အချို့ကား နီနီ၊ အချို့ကား မရမ်း၊ အချို့ကား မှုန်မှုန် ရှိကြ၍ ကောင်းကင်လေရူး၏ တန်ခိုးကြောင့် အမျိုးမျိုးသော သဏ္ဌာန်တို့ကို ဖန်ဆင်းကာ တိမ်ဇာတ်ခင်းလျက် နေကြလေသည်။ ထိုအခိုက်တွင် တိမ်စိုင်တိမ်ခဲ တစ်ခုသည် တိမ်ထုတစ်ခုမှ ပဲ့ထွက်၍ မင်းဖွာယ်စိုးဟန် နေကြသော တိမ်လွှာတို့၏ အကြား၌ မိမိရပ်တည်ရာ၊ လဲလျောင်းရာကို မမြင်မသိသည့် အလား တောင်သို့ကူးကာ မြောက်သို့လားကာ အထီးတည်း လွင့်ပျံလျက် နေလေသည်။ အချိန်အတော်နှောင်းသွားသောအခါ ကောင်းကင် တစ်ခုလုံးသည် မည်းလာလေသည်။ ရောင်စုံဝင်းပနေသော တိမ်လွှာတို့သည်လည်း အသီးသီး အရောင်မှေးသွားကြလေသည်။ အထီးကျန် တိမ်စိုင်တိမ်ခဲသည်လည်း သူ့အလိုလို ပျက်ကြွေသွားလေသည်။"[၁]

ဟူ၍ တိမ်ထုကို နောက်ခံအဖွဲ့ဖြင့် အနုစိတ်သရုပ်ဖော်ထားသည်။ ထိုနောက်ခံအဖွဲ့မှ ဆက်သွယ်၍–

> "ကျွန်ုပ်သည် ဤတိမ်ကိုကား ယခုမှသတိရသဖြင့် ပြန်လှန်၍ ရေးရ သော်လည်း ထိုညနေကသော် မှောင်ကျလာသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏စိတ်အာရုံတွင် ရောင်စုံဝင်းပနေကြသော တိမ်လွှာတို့ ပျောက်ကွယ်၍ အထီးကျန် တိမ်စိုင်တိမ်ခဲတစ်ခုသာ ကျန်ခဲ့လေသည်။ သို့နှင့် ကျွန်ုပ်၏ စိတ်အာရုံတို့သည် ထို တိမ်စိုင်ခဲ၌သာ အကြာအရှည် စူးစိုက်၍မနေခဲ့။ ပေါ့ပါးသော တောင်ပံ နှစ်ခုကိုရလိုက်သည့်ပမာ အစအဆုံး မသိမြင်နိုင်သော ဤကမ္ဘာကြီး၏ ထက်ဝန်းကျင်သို့ စိတ်တို့၏ လျှင်မြန်သော အဟုန်ဖြင့် ထိုမှဤမှ ကျက်စားသွားလာခဲ့လေသည်။ နောက်ဆုံးတွင် ထိုစိတ်အာရုံသည် ကျွန်ုပ်၏ရွာငယ်သို့ နွေဆန်းစအခါ

[၁] – ယင်း –၊ ၁၅။

> တိုင်း ရောက်လာတတ်သော ဖိုးမာဒင်ဟု ခေါ်ကြသည့် အဖိုးအို တစ်ယောက်ထံသို့ ရောက်သွားလေသည်။"[၁]

ဟု ရေးဖွဲ့တင်ပြခဲ့သည်။ နောက်ခံအဖွဲ့နှင့်ဇာတ်ဆောင်ကို ဆက်သွယ်ယူပုံမှာ ထူးခြားသည်။ သိမ်မွေ့သည်။ ထို့ပြင်ဖိုးမာဒင် ကွယ်လွန်ခါနီးအချိန်တွင်လည်း တပေါင်းလတွင် လှေကလေး ဆိုက်ကပ်ထားရာ ကမ်းစွယ်တွင်ပေါက်နေသည့် လက်ပံပင်အောက်၌ တွေ့မြင်ခဲ့ရပုံကို–

> "ကျွန်ုပ်သည် ဖြူလျော်သော အသွေးရှိ၍ အပွေးပွေးထနေသော အခေါက်များကို နေခြည်ဖျော့ဖျော့ ရိုက်သဖြင့် ပန်းရောင်တောက်နေသော လက်ပံကိုင်းကြီးကို လည်းကောင်း၊ ကိုင်းပေါ်တွင် အရွက်ကားကား အခက်ကြား၌ သားကောင်၏ ဦးနှောက်ကို ဖောက်စားတော့မည်ဟန်ကဲ့သို့ နားနေသော အမွေးပွပွနှင့် တောကျီးကန်းကို လည်းကောင်း၊ ထိုအကိုင်းအောက်၌ ခါးကို ဆန့်တန်းလျက် ပုခုံး၌ လွယ်ပိုးထားသော မင်းသမီးရုပ်၏ကြိုးကို ဘယ်လက်နှင့်ဆုပ်ကိုင်၍ နေရောင်ကို ညာလက်နှင့် မိုးကာလျက် ဝင်လုဆဲဆဲဖြစ်နေသောနေလုံးဆီသို့ ငေးကြည့်နေသော ဖိုးမာဒင်ကို လည်းကောင်း၊ ယခုတိုင် မြင်ယောင်ယောင် ရှိသေးလေသည်။"[၂]

ဟု နောက်ခံအဖွဲ့ကို ဇာတ်ဆောင်သေဆုံးမည့် နိမိတ်ပုံအဖြစ် ဆက်စပ်တင်ပြထားသည်ကို တွေ့ရသည်။ ဆရာဇော်ဂျီသည် တင်ပြသည့် အကြောင်းအရာကို ရွေးချယ်ရာ၌ ရည်ရွယ်ချက်သည် ကျယ်ပြန့်လေးနက်တတ်သည်။ တင်ပြပုံမှာ ပို၍ နက်ရှိုင်းသိမ်မွေ့နေတတ်သည်။ ထို့ကြောင့် စာဖတ်သူတို့အနေဖြင့် သာမန်အားဖြင့် ဖတ်ရှုလျှင် ဆိုလိုချက်ကို ရုတ်တရက်မသိနိုင်ပေ။ အရသာ လည်းမတွေ့နိုင်ပေ။ တဖြည်းဖြည်း တစိမ့်စိမ့်တွေးတောလျှင် စာရေးသူဆိုလိုချက်သည် စာဖတ်သူ အတွေ့အကြုံ အနုအရင့်ပေါ်မူတည်၍ ကျယ်ပြန့်မှု၊ နက်ရှိုင်းမှုရှိနေသည်ကို တွေ့ရသည်။

ဇော်ဂျီ၏ရည်ရွယ်ချက်များသည် ထူးခြားသည်နှင့်အတူ ဇာတ်ဆောင်ဖန်တီးမှု၊ နောက်ခံနှင့် ဇာတ်ဆောင်ကို ဆက်သွယ်မှု၊ ဇာတ်ဆောင်ကို ရွေးချယ်မှု၊ အညတြ ဇာတ်ဆောင်တစ်ဦးကိုပင် တစိမ့်စိမ့်တွေးစေပြီးလျှင် အရသာတွေ့အောင် ရေးသားနိုင်မှုတို့မှာ ထူးခြားသည်ဟု ဆိုရပါမည်။ သူ၏ဝတ္ထုများသည် အခြားဝတ္ထုများနှင့်မတူ၊

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၅–၁၆။

[၂] – ယင်း –၊ ၁၉။

အကြောင်းအရာများကို ထူးခြား ဆန်းကြယ်အောင် ဖော်ပြလေ့ရှိသည်။ လောက၌ လူသားတစ်ယောက်အဖြစ် တိတ်ဆိတ်စွာ ရှင်သန်သွားခဲ့ပြီး အောင်မြင်မှု၊ ပျော်ရွှင်မှု၊ တောက်ပမှုများကို မမက်မောသည့်သူများကို သင်္ကေတပြု ရည်ညွှန်းသည် ဟုလည်း ဆိုနိုင်သည်။ အနုပညာရှင်တို့၏ အထီးကျန်ဆန်ဆန် နေထိုင်ပြီး သူ၏အနုပညာဖြင့် လောကကို အလှဆင်နေရခြင်းအပေါ်၌သာ ကြည်နူးသာယာတတ်သည့် သဘောကို တင်ပြလို ဟန်ရှိသည်။ အရိုးဆုံးစဉ်းစားမည်ဆိုလျှင် လောက၌အထီးကျန်ဆန်ဆန် မှေးမှေးမှိန်မှိန် နေထိုင် ရှင်သန်ခဲ့ပြီး လောကထဲမှ တိတ်တဆိတ်ထွက်ခွာသွားသော သူတို့ကို ဤဝတ္ထုမှတစ်ဆင့် မြင်ယောင် လာစေနိုင်စွမ်းရှိသည်ဟု ထင်မြင်မိပါသည်။

## ၃၊၂။ ဦးသောဘိတနှင့်ကိုခင်

ဦးသောဘိတနှင့် ကိုခင် ဝတ္ထုကို ဇော်ဂျီသည် ဂန္ထလောက မဂ္ဂဇင်းတွင် ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီ လတွင် ရေးသားခဲ့ပါသည်။ ထိုဝတ္ထု၏ဇာတ်လမ်းအကျဉ်းမှာ တစ်မနက်လုံးမိုးအုံ့၍ တစ်နေ့ခင်းလုံး မိုးစိမ့်နေသည့် နေ့တစ်နေ့တွင် မိုးရေစိုရွှဲနေသော ကျီးတစ်ကောင်သည် ပြူတင်းတံခါးရွက်ပေါ်၌ နားလာသည်။ ကျီးကလေးသည် မိုးရေရွှဲ၍ မိုးသံတရွဲရွဲ မြည်လိုက်သော ကမ္ဘာကြီးတွင် နှစ်ခွန်းလောက်သာ အာလိုက်သော သူ့အသံသည် ချိုမြလှသည်။ ကျီးသံမဟုတ်ဘဲ ကောင်းကင်မှ ကျလာသော ကရဝိကသံတစ်မျိုးဟု ရေးဖွဲ့ထားသည့် နောက်ခံအဖွဲ့ဖြင့် အစပျိုးထားသည်။ ဇာတ်ကြောင်းပြောသူ ဇာတ်ဆောင်သည် ကိုယ်တိုင်ပြောရှုထောင့်သုံးကာ ကျွန်တော်ဟူသော နာမ်စားဖြင့် ဇာတ်ကြောင်းပြောသွားသည်။

ဇာတ်ကြောင်းပြောသူ ကျွန်တော်သည် စာအုပ်တိုက်တစ်ခု၏အလုပ်ကို လုပ်ကိုင်ရသည်။ စာတိုက်သို့သွား၍ ပို့ရမည်ဖြစ်သော စာအုပ်နှစ်အုပ်ကို လှန်လှောဖတ်ကြည့်ရာ မိန်းမကောင်း ကြောင်းချည်း ရေးထားသော စာအုပ်များဖြစ်နေသည်။ စာတိုက်မှ ပို့ရမည့်လိပ်စာမှာ အရှင် ဦးသောဘိတ၊ စကုတိုက်၊ မန္တလေးဖြစ်သည်။ ထိုလိပ်စာ စက္ကူတစ်ချပ်ကို စာအုပ်၌ကော်ဖြင့် ဖိကပ်လိုက်သည်။ စာတိုက်သို့ ရောက်လာသည်။ စာတိုက်၌လူရှင်းနေသည်။ စာရေးနေသော စာရေးမတစ်ဦး ရှိနေသည်။ ကျွန်တော်သည် စာအုပ်ကို သံတိုင်ကြားမှ ထိုးပေးလိုက်သည်။ စာရေးမသည် စာပို့တိုက်ဝင်းအဝင်ဝမှ ဝင်လာသော ယောကျ်ားပျိုတစ်ဦးကို မျက်လုံးပြူး မျက်ဆံပြူးနှင့် ကြည့်နေသည်။ စာရေးမ၏ယောကျ်ားဖြစ်သည်။ ညအလုပ်ဆင်းပြီးမနက်တွင် အိမ်သို့ပြန်လာရာ အိမ်သော့မှာ ဇနီးဖြစ်သူစာရေးမနှင့်အတူ ပါလာခဲ့သည်။ သော့မရှိ၍ ဇနီးသည်ထံသို့ လိုက်လာခြင်းဖြစ်သည်။ စာရေးမသည် အိမ်နီးချင်းအဒေါ်ကြီးအား သော့ပေးခဲ့သည့်အကြောင်းကို ပြောသည်။ ထမင်းစားရန် အသင့်ပြင်ထားခဲ့ကြောင်း

ပြောဆိုသည်။ ဟင်းမလောက်ရင် ကြောင်အိမ်ထဲမှ ယူစားပါဟုလည်း ပြောသည်။ မိုးလုံအောင် ထီးဆောင်းသွားဟုလည်း မှာသည်။ စာရေးမ၏ ပြောစကားအရ ယောကျ်ားအမည်မှာ ကိုခင်မှန်း သိရသည်။ စာရေးမသည် စာအုပ်ထုတ်ကိုယူပြီး ဖြတ်ပိုင်းပေါ်၌ရေးကာ ဖြတ်ပိုင်းတစ်ရွက်ကို ပြန်ပေးသည်။ ထိုဖြတ်ပိုင်းကို ကြည့်လိုက်သောအခါ ကိုခင်၊ စကုတိုက်။ မန္တလေးဟု ရေးထားသည်ကို တွေ့ရသည်။ ကျွန်တော်ဇာတ်ဆောင်သည် ပြုံးချင်လာသည်။ စာရေးမအား ပြန်ပြောသောအခါ မိမိယောကျ်ား ရောက်လာ၍ မှားရေးမိကြောင်း ပြောဆိုသည်။

ထိုအဖြစ်အပျက်ကို ဖော်ပြပြီးနောက် စာရေးသူက ဦးသောဘိတသည် ငယ်ဖြူဖြစ်၍ စာအုပ်ထဲတွင်ပါသည့်အတိုင်း မိန်းမတို့၏မကောင်းကြောင်းကို ချက်ချင်း သဘောကျပြီး လက်ခံလိုက်မည်လား မသိ။ ထိုမိန်းမတို့၏ မကောင်းကြောင်းကို ကိုခင့်ဘက်မှကြည့်လျှင် အလွယ်တကူလက်ခံနိုင်ပါမလားဟုတွေးတောမိသည်။ ကိုခင့်တွင်မူ ချစ်ခင်ကြင်နာတတ်သော မိန်းမမျိုးကို ရထားသောကြောင့်ဖြစ်သည်။ အိမ်သို့ ပြန်ရောက်လာသည်။ ဇာတ်သိမ်းတွင် ပြူတင်းပေါက်၌ လာနားသော ကျီးကလေး ရှိပါ၏လောဟု တွေးသည်။ ကျီးကလေး၏ အသံသည် ကျီးသံမဟုတ်၊ ကောင်းကင်မှ ကျလာသော ကရုဏာသံမျိုး ဖြစ်သည်လောဟူသော အတွေးဖြင့် အဆုံးသတ်ထားသည်။

ဖိုးမာဒင်ဝတ္ထုတွင် နောက်ခံကို အနုစိတ် ခြယ်မှုန်းပြီးမှ ပဲ့ထွက်လာသော တိမ်လွှာတစ်ခုနှင့် ဇာတ်ဆောင်ကို ဆက်သွယ်၍ ရေးဖွဲ့ထားသည်။ ဦးသောဘိတနှင့်ကိုခင် ဝတ္ထုတွင်လည်း တစ်မနက်လုံးမိုးရွာပြီး တစ်နေ့လုံး မိုးစိမ့်နေ၍ အပြင်သို့ မထွက်ချင်ပုံကို ဖော်ပြသည်။ ထိုမိုးရွာသောနေ့တွင် ကျီးကလေးတစ်ကောင် တံခါးရွက်ပေါ်၌ နားလာပုံကို —

> "ထိုကျီးကလေးသည် တစ်ကိုယ်လုံးမိုးရေစွဲနေသဖြင့် သူ၏ကိုယ်ကာယသည် သေးသေးသွယ်သွယ် ဖြစ်နေသည်။ နှုတ်သီးချွန်ချွန် တစ်ခုနှင့် မျက်လုံးမို့မို့နှစ်လုံးတို့ ထင်ရှားသော သူ၏ မျက်နှာသည် ငေးနေသောလက္ခဏာ ရှိသည်။ အကြောင်းတစ်ခုခုကို စဉ်းစားနေမည်အမှန်ပင်။ သူ အဖိုလား၊ အမလား၊ သူ့မှာ အသိုက်ရှိပါ၏လား၊ အသိုက်ရှိလျှင်သူ့သား ကလေး၊ သမီးလေးများထံသို့ ပြန်သွားဖို့ကောင်းသည်။ လည်ပင်းတွင် မိုးရေစိုနေသော အမွေးနက်နက်သည် ကော့လန်နေသည်ဖြစ်ရာ အောက်ခြေက အမွေးနုနုဖြူဖြူများသည် လည်ပင်းကို ရစ်ပတ်ဖြူဖွေး

> နေကြသည်။ လည်ရစ်ဖြူဖြူနှင့်လှသော ငှက်မည်းမည်းကလေး
> ပင်”[၁]

ဟု အသေးစိတ်ဖော်ပြထားသည်။ အရုပ်ဆိုးသော၊ အသံမသာသော ကျီးတစ်ကောင်ကို မိုးရွာသော နေ့နှင့်တွဲ၍ သူ၏ဝတ္ထုတွင် နောက်ခံနှင့်တင်ပြရာ၌ ဇော်ဂျီသည် ချစ်ခင်သောမျက်စိဖြင့် လှသော ငှက်မည်းမည်းလေးဟု ရေးဖွဲ့ခဲ့သည်။ အရုပ်ဆိုးသော ကျီးကိုပင် နှစ်သက်ဖွယ်ဖြစ်အောင် ဖွဲ့ဆိုထားပုံမှာ ထူးခြားသည်။ ထို့ထက်ထူးခြားသည်မှာ ကျီးလေး၏အသံကို ဖွဲ့ဆိုချက်ပင် ဖြစ်သည်။ စာရေးသူက–

> “မိုးရေရွှဲ၍ မိုးသံတရဲရဲမြည်နေသော ကမ္ဘာကြီးတွင် နှစ်ခွန်းလောက်သာ အာလိုက်သည့် သူ့အသံသည် ချိုအေးလှသဖြင့် စင်စစ်ကျီးသံမဟုတ်၊ ကောင်းကင်ကကျလာသော ကရဝိက်သံတစ်မျိုးပါပေ”[၂]

ဟု ရေးဖွဲ့ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်ဇာတ်ဆောင်သည် ကျီးကလေးကိုကြည့်နေရာမှ စာအုပ် ပို့ရန်သတိရပြီး စာအုပ်ပို့ရန် ပြင်သည်။ မိမိပို့ရမည့်စာအုပ်ကို မှာသူမှာ စကုမှ အရှင်ဦးသောဘိတ ဖြစ်သည်။ စာအုပ်တွင်ပါသော အကြောင်းအရာများမှာ မိန်းမတို့၏ မကောင်းကြောင်းများဖြစ်သည်။ စာအုပ်ပါအချက်များနှင့် ပတ်သက်၍ စာရေးသူ အတွေးကို–

> “မိန်းမများသည် မရှိမကောင်း၊ ရှိမကောင်းဖြစ်သည်။ မိန်းမများ လူ့ဘုံ၌ မွေးမလာကြလျှင်လည်း အမေများ ရှိမည်မဟုတ်။ ယောကျ်ားများသည် လောကကို ငြီးငွေ့ပြီး ဘုန်းကြီးဝတ်ကုန်ကြလျှင်လည်း အမြို့မြို့ အရွာရွာ၌ မိန်းမများချည်း ကျန်ခဲ့မည်။ မိစ္ဆာများဝင်လာကြလျှင် အခက်ကြုံမည်၊ ဘုန်းကြီးဝတ်တွေနှင့် ဒေါသထွက်ကြလျှင်လည်း အရုပ်ဆိုးမည်။”[၃]

စသည်ဖြင့် အတွေးများကို ချဲ့ထွင်၍ ရေးသားတင်ပြထားသည်။ ထိုအတွေးများသည် ရှေ့ဆက်မည့် ဇာတ်လမ်းအတွက် အဆက်အစပ်ရှိသော အတွေးများဖြစ်သည်။

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၄၄။
[၂] – ယင်း –။
[၃] – ယင်း –၊ ၄၅။

ထိုသူက စာအုပ်ထုတ်ကို စာရေးမထံသို့ ထိုးပေးလိုက်ရာတွင် စာရေးမက မိမိယောကျ်ားကိုတွေ့သည့်အတွက် အပြင်သို့လှမ်း၍

> "အော် ကိုခင် မိုးရွာကြီးထဲမှာ ဘာကိစ္စများထူးလာပြန်သလဲ၊ အိမ်ကိုရောက်ခဲ့ပြီလား၊ ထမင်းစားပြီးပြီလား၊ ကျွန်မပြင်ထားတဲ့(နာရီကိုကြည့်လျက်) ဒီနေ့မနက်အလုပ်ဆင်းလာတာ စောလှချည်လား၊ ရှင့်နှယ်ရှင် ထီးလည်းအပါသားနဲ့"[၁]

ဟု ပြောဆိုသည်။ စာရေးမ၏ အဆက်မပြတ် ပြောဆိုသောစကားများဖြင့် လင်ယောကျ်ားအပေါ် ချစ်ခင်ကြင်နာမှု၊ ဂရုစိုက်မှု၊ စိုးရိမ်ကြောင့်ကြမှု ဆိုသည့် မေတ္တာသဘောများကို ဖော်ပြထားသည်။

> "ယောကျ်ားပျိုက သော့မရှိသည့်အတွက် မဝင်ခဲ့ရကြောင်း ပြောသောအခါ 'ဟောတော် ဒေါ်ဒေါ်ခါကို သော့မပေးခဲ့မိဘူး၊ မေ့တတ်လိုက်တဲ့ဖြစ်ချင်း၊ ကိုခင်အခုအိမ်ကိုရောက်ရဲ့သားနဲ့ တံခါးသော့ခလောက်ခတ်ထားလို့ မဝင်ခဲ့ရဘူးပေါ့"[၂]

ဟုပြောသောအခါ

> "အေးလေ မင်းမှသော့မထားခဲ့ပဲ ငါဘယ့်နှယ်လုပ်ပြီး ဝင်နိုင်မှာလဲ" "နောက်ကို မမေ့တော့ပါဘူးတော်" ဟု (အာလုပ်သံ ပျော့ပျော့နှင့်) ပြောပြီးနောက် ထိုစာရေးမသည် ခပ်အုပ်အုပ်ရယ်ရင်း မိမိ၏ အင်္ကျီအိတ်ကပ်မှ ထုတ်လိုက်သည်"[၃]

ဟု ရေးဖွဲ့တင်ပြထားသည်။ စာရေးမသည် ရယ်ရယ်မောမောနှင့် သော့တွဲကိုပေးရင်း စိုးရိမ် ကြောင့်ကြဟန်ဖြင့် ပြောဆိုဟန်ကို–

> "ကိုခင် ဟင်းမလောက်ရင်ယူစားနော်၊ ကြောင်အိမ်ထဲမှာ ရှိလေရဲ့၊ မိုးလုံအောင် ထီးဆောင်းသွားပါ" ဟူသော စကားကိုလည်း စာတိုက်ဝင်းအဝင်အဝ မမှီမကမ်းလိုက်ပို့လိုက်ပြန်သေးသည်။"[၄]

ဟု ရေးသားထားပါသည်။

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၄၇။

[၂] – ယင်း –။

[၃] – ယင်း –။

[၄] – ယင်း။ –၊ ၄၈။

ထိုဝတ္ထုတွင် ဇာတ်ဆောင်သုံးဦးပါဝင်သည်။ စာအုပ်ပို့သူ၊ ကိုခင်နှင့် စာရေးမ တို့ဖြစ်သည်။ စာရေးသူသည် စာရေးမကို စကားအများဆုံး ပြောစေသည်။ ပြောသမျှ စကားများမှာလည်း ကိုခင့်အပေါ်တွင် မေတ္တာစေတနာ အပြည့်ပါသည့် စကားများ ဖြစ်သည်။ ထိုပြောစကားများဖြင့် ဤလောက၌ ယောကျ်ားများအတွက် ကြင်နာတတ်သောမိန်းမများလည်း ရှိကြောင်း စာရေးသူက တင်ပြခဲ့သည်။ အားပြိုင်မှုသုံးပုံမှာ ထူးခြားသည်။ တစ်ဖက်မှ အရှင်ဦးသောဘိတအကြိုက် မိန်းမများ မကောင်းကြောင်း ရေးထားသော စာအုပ်ဖြစ်သည်။ တစ်ဖက်မှကိုခင်နှင့် စာရေးမတို့၏ဇာတ်ကွက်ဖြင့် မိန်းမသားတို့၏ ကောင်းကြောင်းကို ထင်ရှားစေသည်။ စာရေးသူကမူ အဆုံးအဖြတ် မပေးဘဲ–

> "ဒါ ငါ့အရေးမဟုတ်ပါဘူး၊ ကိုခင့်အရေးပါ၊ တော်တော်စိတ်ညောင်းလှတယ်"[၁]

ဟု တွေးဟန်ဖြင့် အဆုံးသတ်ထားသည်။ လောက၌ မိန်းမကောင်းများရှိသကဲ့သို့ မိန်းမဆိုးများလည်း ရှိနိုင်သည်။ တစ်ဖက်သတ်အမြင်ဖြင့် ကြည့်ရှု၍မရဘဲ နှစ်ဖက်စလုံးမှ အကောင်းအဆိုးရောကာ ဆုံးဖြတ်သင့်ပုံအတွေးကို ပေးထားသည်။ တစ်ဖက်သတ်အမြင်ဖြင့် မဆုံးဖြတ်သင့်ကြောင်း အသိပေးထားပါသည်။

ထိုသို့အသိပေးရာမှာ စာရေးသူ၏ တင်ပြပုံစိတ်ကူးစိတ်သန်းမှာ ထူးခြားလှသည်။ မိန်းမ မကောင်းကြောင်းစာအုပ်ကို အရှင်ဦးသောဘိတက မှာယူကြောင်း တင်ပြပြီး တစ်ဖက်မှ မိန်းမကောင်းများ၏ သဘောကို ဇာတ်ကွက် တစ်ကွက်ဖြင့် ထင်ရှားအောင် ပြသလိုက်ခြင်းဖြစ်သည်။ ဇော်ဂျီသည် လောကကိုရှုမြင်ရာ၌ ယထာဘူတကျသည့်အပြင် ဟာသအမြင်လည်း ရှိသည်ကို တွေ့ရပါသည်။ နောက်ခံအဖွဲ့နှင့် ဇာတ်လမ်းကို ဆက်နွယ်ပြီး ကျီးမည်းလေးတစ်ကောင်နှင့် စပြီး ကျီးမည်းလေး တစ်ကောင်ဖြင့်ပင် အဆုံးသတ်ထားသည်။ ကျီးမည်းကလေးကို လှပသော ကျီးမည်းကလေး၊ ကျီးအာသံကိုပင် ကောင်းကင်ယံမှကျလာသော ကရုဏာသံဟု တွေးခေါ်ပြမှုမှာ ဆရာဇော်ဂျီ၏ ထူးခြားသော အတွေးစိတ်ကူး၊ ဖန်တီးမှုများပင် ဖြစ်သည်ဟု ထင်မြင်ယူဆမိပါသည်။

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၄၉။

## ၃.၃။ သော့တွဲနှင့်နတ်ရုပ်

သော့တွဲနှင့်နတ်ရုပ် ဝတ္ထုကို ဆရာဇော်ဂျီသည် ၁၉၃၅ ခုနှစ် စက်တင်ဘာလ ထုတ် ဂန္ထလောက မဂ္ဂဇင်းတွင် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ဝတ္ထု၏ရည်ရွယ်ချက်မှာ အိမ်ထောင်ဘက်အတွက် လက်တွဲကြရာတွင် မေတ္တာထက် တစ်စုံတစ်ခုကို အထင်ကြီး ၍ လည်းကောင်း၊ တစ်စုံတစ်ခုကို မျှော်လင့်၍လည်းကောင်း အတူလက်တွဲခဲ့ကြသည်။ အိမ်ထောင်သည်ဘဝသို့ ရောက်ရှိသောအခါ နှစ်ဦးစလုံး မျှော်လင့်သလို ဖြစ်မလာ သည့်အတွက် တစ်ဦးပေါ်တစ်ဦး စိတ်ပျက်လာကြပြီးလျှင် အသေးအဖွဲအကြောင်းအရာ တစ်ခုနှင့်ပင် ခွင့်မလွှတ်နိုင်ဘဲ ကွဲခဲ့ကြသည်။ သို့ရာတွင် တစ်ဦးချင်း ဘဝကို ခက်ခဲ စွာ ရုန်းကန်နေထိုင်ပြီးသည့်နောက်တွင် ပြန်လည်ဆုံတွေ့ကြသောအခါ တစ်ဦးကို တစ်ဦး ကရုဏာတရားနှင့် နားလည်ခွင့်လွှတ်ကာ ပြန်လည် ပေါင်းစည်းခဲ့ကြပုံကို ရေးဖွဲ့တင်ပြခြင်း ဖြစ်ပါသည်။ လောကတွင် ဖြစ်တတ်ပျက်တတ်သော သဘောကိုပင် အခြေခံ၍ လူ့သဘာဝ စရိုက်အဖွဲ့များ အလေးကဲကာ ဇာတ်လမ်းဆင် တင်ပြထား သည်ကို တွေ့ရသည်။ လောက၌ ဖြစ်လေ့ ဖြစ်ထရှိကြသော ချစ်ကြိုက်ကွဲညား ပြန် ပေါင်းဆိုသည့် အရိုးခံဇာတ်လမ်းကိုပင် ဇော်ဂျီ၏ စိတ်ကူးနှင့်အရေးဖွဲ့ ပြောင်မြောက် သည့်အလျောက် ရိုးရိုးနှင့် ဆန်းသစ်သည်ဟု ထင်ရအောင် ဖန်တီးတင်ပြထား ပါသည်။

ဇာတ်လမ်းအကျဉ်းမှာ မရွှေပွင့်သည် ဒေးဒရဲသူ ပွဲကတော် မုဆိုးမဖြစ်သည်။ သားသမီး မရှိပေ။ အသက် ၄၀ ကျော် ၄၁ နှစ်အတွင်းဖြစ်သည်။ ကိုယ်ဟန် တောင့်တင်းသည်။ ကျားခေါင်း လက်ကောက်ကို ဝတ်ထားသည်။ ဆေးပေါ့လိပ် သောက်တတ်သည်။ ကွမ်းစားတတ်သည်။ ကိုချိတ်သည်မူ တော်ကမယ်ရွာသား ဖြစ်သည်။ လှေသူကြီး လုပ်ခဲ့ဖူးသည်။ အသက် ၄၅ နှစ် သာသာခန့်ရှိ မုဆိုးဖို ဖြစ်သည်။ သားသမီးမရှိပေ။ လူလုံးလူဖန်ကား သေးသေးသွယ်သွယ် ဖြစ်သည်။

မရွှေပွင့်သည် သော့ ၁၂ ချောင်းပါသော သော့တွဲကို လက်ကိုင်ပုဝါတွင် စုချိတ်ပြီး ပုခုံးပေါ်၌ တင်ထားလေ့ရှိသည်။ ထိုသော့တွဲကို ကိုချိတ်သည် မျက်စိကျနေ သည်။ အထင်ကြီး နေသည်။ ကိုချိတ်၏ လည်ဇလုပ် တစ်ဖက်တစ်ချက်တွင် ဆေးနီ နှင့် နတ်ရုပ် ထိုးထားသည်။ ထိုနတ်ရုပ်နှစ်ရုပ်ကို မရွှေပွင့်သည် အာရုံစိုက်မိသည်။ ကိုချိတ်သည် တစ်စုံတစ်ရာ အစွမ်းထက်မည်ဟု မျှော်လင့်သည်။ ပထမတွင် နှစ်ဦး စလုံးက အောင်သွယ်သူများကို မနှစ်ခြိုက်နိုင်ကြောင်း ဟန်ဆောင် ပြောဆိုသော်လည်း အလွယ်တကူနှင့်ပင် အကြင်လင်မယား ဖြစ်ခဲ့ကြသည်။ ထိုသို့ ဖြစ်ပြီးသောအခါတွင် နှစ်ဦးစလုံးသည် မျှော်လင့်သလို ဖြစ်မလာဘဲ လက်ဗလာချည်း ဖြစ်ကြောင်း နားလည်

လာသောအခါ အသေးအဖွဲ့အကြောင်းအရာကို မူတည်၍ ရန်ဖြစ်ကြပြီး ကိုချိတ်သည် မိမိအား ခွေးနှင့်နှိုင်းကာပြောဆိုသည့် မရွှေပွင့်အား ကွမ်းအစ်နှင့်ပေါက်ပြီး အိမ်မှ ထွက်ခွာသွားသည်။

လေးနှစ်ခန့်ကြာသောအခါ ဒေးဒရဲမြို့အနီးရှိ ရွာတစ်ရွာ၌ ဘုရားပွဲတော်တွင် ဇာတ် တစ်ဇာတ် ကရန်ရှိသည်။ သို့ရာတွင် ဆိုင်းသမားအချို့သည် ဇာတ်ဆရာနှင့် အချင်းများ၍ ထွက်သွားကြသောကြောင့် တွံတေးမှဆိုင်းဝိုင်းကို ငှားကြရသည်။ ထိုဆိုင်းတွင် ကိုချိတ်သည် ဆိုင်းနောက်ထိုင်အဖြစ် ပါလာသည်။ မရွှေပွင့်ကို တွေ့လို တွေ့ငြား ရှာဖွေသေးသည်။ ထိုအချိန်တွင် ပွဲစ၍ထွက်လာသည်။ နတ်ကတော် စ၍ ကသည်။ ထိုနတ်ကတော်သည် မရွှေပွင့်ဖြစ်နေသည်။ သူတို့နှစ်ဦး ပြန်လည်ဆုံတွေ့ သောအခါ ကိုချိတ်က မရွှေပွင့်အား နတ်ကတော်မလုပ်ပါနှင့်တော့၊ ငါပဲ မင်းသားကြီး လုပ်ပြီးကျွေးပါမည်၊ အခုဇာတ်ထဲမှာ မင်းသားကြီးတစ်ယောက်လိုတယ်ကြားသည်၊ ထိုနည်းဖြင့် လက်ထပ်စဉ်က မျှော်လင့်ချက်ကိုယ်စီနှင့် လက်ထပ်ခဲ့သောသူများ ဖြစ် သော်လည်း ယခုအခါ ဘာမျှမျှော်လင့်စရာ မရှိသော အခြေအနေမျိုးတွင် ပြန်လည် တွေ့ဆုံပြီး နားလည် ခွင့်လွှတ်နိုင်ခဲ့ကြသည်။

ဇာတ်လမ်းအဖွင့်တွင် ကိုချိတ်အား အပေါင်းအသင်းများက မရွှေပွင့်နှင့် အောင်သွယ်သည့်အတွက် မကြိုက်ဟန်ပြုကာ ငြင်းပယ်နေပုံဖြင့် အစပျိုးထားသည်။ လူ့သဘော လူ့သဘာဝကို နားလည်ပြီး သရုပ်ဖော်ရေးသားရာ၌လည်း သဘာဝ ကျအောင်နှင့် ပေါ်လွင်အောင် ရေးသားနိုင်စွမ်းရှိသော ဆရာဇော်ဂျီသည် မရွှေပွင့် ၏စရိုက်အပေါ် ကိုချိတ် မနှစ်သက်ရသည့်အကြောင်းကို တင်ပြရာ၌–

> "မိန်းမတန်မယ့် ဂွီးဂွီးမြည်အောင် နပ်ညှစ်တာရယ်၊ နားခွက် ထဲမှာ သနပ်ခါးခြောက်တွေ မစင်တာရယ် ငါရွံ့သကွာ" "ဒါက တော့ ကိုကြီးချိတ်ရာ အန္တရာယ် လွယ်မထားကောင်းဗျ၊ နို့ နပ်တွဲလောင်းကျလာတော့ ဘယ့်နှယ်လုပ်မလဲ" "မင်းသနပ်ခါး ခြောက်တွေကရော" "ကိုကြီးချိတ်ကလည်းဗျာ၊ ကပ်သီးကပ်သတ် အပြစ်မဟုတ်တာကို အပြစ်လုပ်နေပြန်ပြီ၊ သနပ်ခါး ညတိုင်း လိမ်းအိပ်လို့ပေါ့ဗျ၊ ဟဲ..ဟဲ..ဟဲ" "ခပ်အေးအေးနေစမ်းပါရ စေကွာ" (ကိုချိတ်သည်ငြင်းပယ်သံဖြင့် နှုတ်ဖျားက ထိုသို့ ငြီး လိုက်သော်လည်း စိတ်မျက်စိ၌ မရွှေပွင့်ကို တရေးရေး မြင်နေမိ သည်)"[၁]

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၂၀။

ဟု ရေးဖွဲ့တင်ပြထားပါသည်။ ဇာတ်ဆောင်တို့၏ အပြန်အလှန်ပြောစကားဖြင့် မရွှေပွင့်၏စရိုက်ကို ဖော်ထားသကဲ့သို့ ကိုချိတ်၏ နေရာတကာကို အသေးစိတ်ရှုမြင်သုံးသပ်တတ်သော စိတ်နေ သဘောထား၊ ဟန်ဆောင်တတ်သော စိတ်နေ သဘောထားများကို စရိုက်ဖော်ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

ဆရာဇော်ဂျီသည် စရိုက်အမျိုးမျိုးရှိသည့်အနက် စာရေးသူတို့ ထည့်သွင်း ရေးဖွဲ့ခဲ့သော နုပ်ညှစ်သည့်စရိုက်ဖြင့် သူ၏ဇာတ်ဆောင် မရွှေပွင့်နှင့် စတင်မိတ်ဆက် ပေးသည်။ တစ်ဖက်မှ နားရွက်ထဲက သနပ်ခါးကအစ ကြည့်တတ်မြင်တတ်သော ဟန်ဆောင်ကောင်းသော သူ၏ ဇာတ်ဆောင် ကိုချိတ်ကိုလည်း မိတ်ဆက်ပေးလိုက် သည်။ ဝတ္ထုတိုများကို ရေးသားရာတွင် အသုံးပြုသည့်အတတ်ပညာ၊ စိတ်ကူး စိတ် သန်း မတူကွဲပြားအောင်နှင့် ရသမြောက်ဝတ္ထုတိုကောင်း တစ်ပုဒ်ဖြစ်အောင် ရေးလေ့ ရှိသော ဇော်ဂျီသည် သော့တွဲနှင့်နတ်ရုပ်တွင်လည်း လူ့သဘာဝအဖွဲ့ကောင်းများဖြင့် ဇာတ်လမ်းအဖွင့်မှစ၍ စာဖတ်သူ၏စိတ်ကို စည်းရုံး ဆွဲဆောင်နိုင်အောင် တင်ပြ ထားသည်။

ဆရာဇော်ဂျီ၏ ဝတ္ထုများသည် ဇာတ်လမ်းသဘောကို အားမပြုဘဲ ဇာတ် ဆောင်စရိုက်ကို အားပြုလေ့ရှိသည်။ ဇာတ်ဆောင်စရိုက်ကို အားပြုသည်ဆိုရာ၌လည်း လူ့သဘာဝအဖွဲ့ကောင်းများ ဖြစ်အောင် ရေးဖွဲ့မှုအတတ်ပညာကို သုံးခြင်းဖြင့် ဇာတ် ဆောင်စရိုက်ကို သရုပ်ဖော်ရာ၌ စိတ်ကူးကောင်းသည်နှင့်အမျှ အရေးအဖွဲ့ကလည်း ကောင်းစွာ ပံ့ပိုးပေးနိုင်သည်။ အကြောင်းအရာ ကောင်းမွန်သည်နှင့်အမျှ ပုံသဏ္ဌာန် ပိုင်းကလည်း ပုံကောင်းပုံလှဖြစ်အောင် ရေးသားတင်ပြနိုင်သည်။ ကိုချိတ်နှင့် အားပြိုင် ရမည့် ဇာတ်ဆောင်ဖြစ်သော မရွှေပွင့်၏စရိုက်ကို ရေးဖွဲ့ရာ၌လည်း စိတ်ကူး အသေး စိတ်သည်။ ထိုစိတ်ကူးကို အရေးအဖွဲ့ကလည်း အနုစိတ် ခြယ်မှုန်းနိုင်စွမ်းရှိသည်။

ထိုသဘောကို တင်ပြရာ၌–

> “မရွှေပွင့်သည် ကျားခေါင်းလက်ကောက်ကိုဝတ်၏။ ဆေးပေါ့လိပ် သောက်တတ်၏။ ကွမ်း စားတတ်သည်။ ကွမ်းစားသောအခါ လက်ညှိုးတစ်ခု၊ လက်မတစ်ခုဖြင့် နှုတ်ခမ်းကို သပ်လေ့ရှိ သည်။ ထိုအခါ ငါးပူတင်းပါးစပ်ကလေးနှင့် တူတတ်သည်။ သူ၏ကိုယ်မှ အမြဲလိုလို တောင်နံ့ကြီးနံ့မွှေးနေသည်။ စကား

> ပြောသောအခါ ပျော့ပျော့ ပျော့ပျော့နှင့် အာလေးလေး ပြော
> တတ်သည်။"[၁]

ဟု အသေးစိတ်ရေးဖွဲ့ထားသည်။ ဆရာဇော်ဂျီသည် လူ့သဘာကို ကျွမ်းကျင်နှံ့စပ်သူဖြစ်သည့်အလျောက် ကွမ်းစားသည်ကိုပင် သာမန်အားဖြင့်မဖွဲ့ဘဲ ကွမ်းစားသည့်ဟန်နှင့်စရိုက်ကို အသေးစိတ်ဖွဲ့သည်။ ထိုအခါတွင် ဖြစ်ပျက်သွားသော ပါးစပ်၏ ပုံသဏ္ဌာန်ကို ငါးပူတင်းပါးစပ်နှင့် တူလှသည်ဟု ပုံပေါ်လာအောင်နှင့် ရယ်ချင်ပြုံးချင်လာအောင် ရေးဖွဲ့ထားသည်။

မချွေပွင့် ရုပ်အဆင်းသဏ္ဌာန်နှင့် ဓလေ့စရိုက်များသည် လှပနှစ်သက်ဖွယ်မဟုတ်သော်လည်း ပရိသတ်၏အာရုံ၌ စွဲလမ်း ထင်မြင်လာစေသည်။ မချွေပွင့်သည် ကိုချိုတ်ကို အတန်ငယ် သဘောကျသည်နှင့်အမျှ ကိုချိုတ် အလည်လာရာတွင် ပြုစုပုံကို–

> "ကိုချိုတ် အလည်လာစဉ်က ကိုချိုတ်ကို လက်ဖက်ရည်ကြမ်း၊
> လက်ဖက်၊ ငါးပုတ်ခြောက်များနှင့် တရိုတသေဧည့်ခံဖူးသည်။
> ကိုချိုတ်လက်သုတ်ရန် ဘီရိုကိုသော့ဖွင့်ပြီးလျှင် လက်သုတ်ပုဝါ
> ကို ထုတ်ချပေးသည်။"[၂]

ဟု စေ့စေ့စပ်စပ် စရိုက်ဖော်ရေးဖွဲ့ထားသည်။ ထိုဇာတ်ကွက်တစ်ကွက်ထဲ၌ပင် စာရေးသူသည် ကိုချိုတ်၏စရိုက်ကို ပေါ်အောင်ဖွဲ့သည်။ ထိုအကြောင်းကို –

> "ကိုချိုတ်သည် သော့တွဲကိုသေသေချာချာကြည့်၏။ သော့ချောင်း
> (၁၂)ချောင်း၊ ငွေနဖားကလော်၊ ငွေသွားကြားထိုးတံ တို့ကို မြင်
> သည်။ သော့ကွင်းတွင် ပုဝါဖြူတစ်ထည် ချီလျက်ရှိသည့်အပြင်
> မရိုးဖြူစိတ်ပုတီးတစ်ကုံးလည်း ကွင်းချောပတ်လျက် ရှိသည်။
> ဧည့်ခံစဉ်က မချွေပွင့်သည် ကိုချိုတ်၏ ဝဲဘက်၌ထိုင်၍ ဧည့်ခံ
> သည်။ ပုခုံးပေါ် ပစ်တင်ထားသဖြင့် သော့အချောင်းတို့သည်
> မချွေပွင့်၏ ကျောတွင်မှီလျက် ကိုချိုတ်ကို တစေ့တစောင်း
> ကြည့်၍ မျက်စပစ်နေသည်နှင့်တူ၏။ ပုဝါဖြူနှင့်စိတ်ပုတီးတို့က
> ရင်ပတ်တွင် တွဲလွဲခို၍ ဣန္ဒြေရစွာနေကြ၏"[၃]

---

[၁] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၀။
[၂] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၁။
[၃] – ယင်း –၊ ၁၂၂။

ဟု ရေးဖွဲ့ထားပါသည်။ ပရိသတ်အနေနှင့် တစ်ပြိုင်တည်း တစ်နေရာတည်း၌ အဓိကဇာတ်ဆောင် အဖြစ် အားပြိုင်ကြမည့် ကိုချိတ်နှင့်မရွှေပွင့်တို့၏ အပြုအမူ၊ အတွေးအမြင်၊ အာရုံခံစားမှုများကို ပါအောင် သရုပ်ဖော်တင်ပြထားသည်။ စိတ်ကူး ပိုင်းသာမက အရေးအဖွဲ့ကလည်း စေ့စပ် သဘာဝကျပြီးလျှင် ဟာသသဘောလည်း ပါသည်။ "သော့အပေါင်းတို့သည် မရွှေပွင့်၏ ကျောကိုမှီ၍ ကိုချိတ်ကို တစေ့ တစောင်းကြည့်ကာ မျက်စပစ်နေသည်နှင့်တူ၏" ဟူသော ရေးဟန်သည် အကြောင်း အရာကို ပို၍ထင်ရှားအောင် အထောက်အကူပြုသည်။

သော့တွဲနှင့်နတ်ရုပ် ဇာတ်လမ်းတွင် အဓိကဇာတ်ဆောင် ကိုချိတ်နှင့် မရွှေပွင့် တို့၏ မူယာမျာယာများသောစရိုက်၊ ဟန်ဆောင်တတ်သောစရိုက်၊ တိတ်တခိုး မျှော်လင့်တတ်သော စရိုက်များကို အားပြိုင်ထားပါသည်။ မရွှေပွင့်သည် ကိုချိတ်နှင့် ဝိုင်း၍ စပ်ကြသောအခါ–

> "တော်ပါအေ ညည်းလူက ခါးပုံလေးမကာမကာနှင့် ငါအင်မတန်
> မြင်ပြင်းကပ်တယ်၊ ထုံးဖူးထဲမှာ ထုံးသိပ်နိုပ်ကလော် ပိုနေမှ
> အိမ်ခါးပန်းကို သုတ်နေတာ ငါမကြိုက်ဘူးအေ"[၁]

ဟုလည်းကောင်း၊

> "ရက်စရာ ဒီအသက်ဒီအရွယ် ပုတီးနဲ့နေပါရစေ"[၂]

ဟုလည်းကောင်း၊ မူယာမာယာနှင့်ပြောဆိုသည့် မရွှေပွင့် စိတ်ထဲ၌ ဖြစ်ပျက်နေပုံကို စာရေးသူက–

> "မရွှေပွင့်သည် နိဗ္ဗန္ဒသံဖြင့် နူတ်ဖျားက ထိုသို့ တရားကျလိုက်
> သော်လည်း အိမ်ဦးခန်းတွင် တင်ပျဉ်ခွေထိုင်သွားဖူးသောကိုချိတ်
> ကို မြင်ယောင်ယောင် ဖြစ်နေမိသည်"[၃]

ဟုလည်းကောင်း ရေးဖွဲ့ထားပါသည်။

ဆရာဇော်ဂျီသည် သူ့မယားဝတ္ထုတွင် လူပုံပျော့ပျော့ပျောင်းပျောင်း စာတတ် ပေတတ် အပြောတတ်ဟန်ဖြင့် အထင်ကြီးအောင် နေတတ်ပြီး လက်တွေ့အားဖြင့် မည်သည့်အရာကိုမျှ ဖြစ်မြောက်အောင် မဆောင်ရွက်နိုင်သော ကိုဆင်ကို ဇာတ်ဆောင် အဖြစ် ဖန်တီးခဲ့သည်။ သော့တွဲနှင့် နတ်ရုပ်မှ ကိုချိတ်သည်လည်း ကိုဆင်နှင့်

---

[၁] – ယင်း –၊
[၂] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၂။
[၃] – ယင်း –။

စရိုက်ချင်း ဆင်သောအချက်များ ပါဝင်သည်။ ကိုချိတ်ကွမ်းစားပုံကိုလည်း စာရေးသူက သာမန်မပြောဘဲ–

> "ကွမ်းစားလွန်းသဖြင့် သွားနက်ကျားကျား လက်ဖက်လည်း ကြိုက်တတ်သည်"

ဟု သရုပ်ဖော်ရေးဖွဲ့ထားသည်။ ထို့အပြင် ကိုချိတ်၏ဟန်ရေးပြ ကောင်းသောစရိုက်ကို–

> "မယား မမင်းပုံ ရှိစဉ်အခါက မယားအပြုစုကိုခံ၍ မယား၏ လောင်းရိပ်ကို ခိုလျက် စာလေးပေလေးနှင့် ခပ်အေးအေး နေခဲ့သူ ဖြစ်သည်။ စကားပြောကောင်း တရားဟောကောင်း မန္တလေး ပုဆိုးကို ခါးပေါ်က မချ၊ လည်းပင်းတွင် ဇလုပ်ဝဲယာ၌ ဆေးနီ နတ်ရုပ်နှစ်ရုပ် ထိုးထားသည်"[၁]

ဟု စရိုက်ဖော်ရေးဖွဲ့ထားသည်။

ကိုချိတ်သည် မရွှေပွင့်ကို ဆွဲဆောင်ရာ၌ ဇာတ်စကားများကို ဇာတ်မင်းသားဟန်ဖြင့် ဟောပြသည်။ မဟော်သဓာ၊ ဇနက္ကဇာတ်များလည်း ပါသည်။ ဝိသာခါ အကြောင်းလည်း ပါသည်။ ပဋ္ဌာန်းတရားတော်ကြီး အကြောင်းလည်းပါသည်။ မယားလင် အိမ်ထောင်ရှင်များကို သိကြားမင်းကပင် ပူဇော်ဦးညွှတ်လျက် ရှိကြောင်းလည်း ပါသည်။

ဆရာဇော်ဂျီသည် ကိုချိတ်၏လည်ပင်းရှိ အနီရောင် ဆေးနီနတ်ရုပ် နှစ်ရုပ်ကို အကြောင်းမဲ့ ထည့်သွင်းထားခြင်း မဟုတ်ပေ။ ဝတ္ထုတို၏သဘောအတိုင်း လိုအပ်သော အကြောင်းအရာဖြစ်၍သာ ထည့်သွင်းထားခြင်း ဖြစ်သည်။ ထိုနတ်ရုပ်နှစ်ရုပ်သည် မရွှေပွင့်အတွက် တစ်စုံတစ်ခုကို မျှော်လင့်စရာဖြစ်လာသည်။ သူတို့နှစ်ဦး ပေါင်းဖက်ခြင်း၏ အကြောင်းရင်းတစ်ခုလည်း ဖြစ်ပါသည်။ ထို့ကြောင့် ကိုချိတ်၏ အပြောကောင်း၊ အဟောကောင်းစရိုက်နှင့် တွဲ၍–

> ထိုသို့ဟောပြောသည့် အခါတိုင်း လည်ပင်းက ဆေးနီရုပ် နှစ်ရုပ်သည် နဂိုက ယိုးဒယားကနေဟန် ထိုးထားသဖြင့် ယိုးဒယားက ကနေသည်ဟု ထင်ရသည်။ မရွှေပွင့်ကလည်း

---

[၁] – ယင်း –။

> သော့ ၁၂ ချောင်းရှိသော သော့တွဲကြီးကို ပုခုံး၌တင်ကာ ဇီးကွက်ငယ်လေးလို ဣန္ဒြေရရ ညှော့ခံလေ့ရှိသည်။"[၁]

ဟု ရေးဖွဲ့ထားပါသည်။ ဆရာဇော်ဂျီသည် အဓိကဇာတ်ဆောင်နှစ်ဦး၏ စိတ်အခြေအနေ ပြောင်းလဲမှုနှင့် အကြင်လင်မယားအဖြစ် ရောက်ရှိပုံကို ဖန်တီးတင်ပြရာ၌ ကိုချိတ်၏နတ်ရုပ်နှင့် မချွေပွင့်၏သော့တွဲကို သင်္ကေတပြုကာ တင်ပြထားပုံမှာ စိတ်ကူး ကောင်းမွန်လှပါသည်။ ဆိုလိုချက် တစ်ခုကိုတင်ပြရာ၌ ဖန်တီးတင်ပြပုံ အနုပညာဆန်သည်။ စိတ်ကူးလှရုံသာမက ပုံသဏ္ဌာန်အလှ ကိုလည်း အလေးပေး ရေးဖွဲ့ထားပါသည်။

သော့တွဲနှင့်နတ်ရုပ်ဝတ္ထုကို ဖတ်ရှုသူတို့ နှစ်သက်ရသည့်အကြောင်းရင်းတွင် စာရေးသူ၏ သဘာဝကျကျ ရေးဟန်လည်းပါသည်ဟု ဆိုရမည်။ မချွေပွင့်သည် ကိုချိတ်၏အပြောအဟောကို နားထောင်ရင်း သော့တွဲနှင့်နတ်ရုပ်ကိုပါ ရော၍ အထင်ကြီးနေသည့်အတွက် ကိုချိတ်အပေါ်လေးစား စိတ်များကိန်းအောင်းနေပုံကို–

> "သော့တွဲကြီးကို ပုခုံး၌တင်ကာ ဇီးကွက်ငယ်လေးပမာ ဣန္ဒြေရရ ညှော့ခံလေ့ရှိသည်"[၂]

ဟု ဥပမာအလင်္ကာဖြင့် ရေးသားထားပုံမှာ မချွေပွင့်၏စရိုက်ကို ပေါ်လွင်စေသည်။ ဆရာ ဇော်ဂျီသည် ဝတ္ထုတိုပီသစွာ အကျယ်ချဲ့သင့်နေရာတွင် အကျယ်ဖွဲ့သည်။ အကျဉ်းချုပ်သည့် နေရာတွင် တိုတိုကျဉ်းကျဉ်း တင်ပြတတ်သည်။

ကိုချိတ်နှင့်မချွေပွင့်တို့ အကြင်လင်မယားအဖြစ်သို့ ရောက်ရှိပုံကို တင်ပြရာ၌–

> "ခုနစ်ကြိမ်မြောက် အလည်ရောက်လာသောအခါ ကိုချိတ်သည် အခါတိုင်းနှင့်မတူ၊ အမြဲလိုလို ချိုပြုံးနေသည်။ မချွေပွင့်သည်လည်း ဘာဖြစ်သည် မသိ၊ အပျိုဖျန်းကလေးပမာ ခဏခဏ ရှက်တတ်နေသည်"[၃]

ဟုလည်းကောင်း၊

> "နောက်တစ်ခါ လာသည်တွင် ကိုချိတ်သည် ရှိစုမဲ့စု အိမ်ထောင်ပစ္စည်းများကို သိမ်းယူလာခဲ့သည်။ ကာလသားခေါင်းအား ခဲဖိုး

[၁] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၂။
[၂] – ယင်း –၊ ၁၂၃။
[၃] – ယင်း ၊ ၁၂၄။

> ငွေအစိတ်ပေးလိုက်ပြီးနောက် အရပ်လူကြီး ၄–၅ ဦးကိုဖိတ်၍ လက်ဖက် တစ်ထုပ်စီ အညာကွမ်းအစ် တစ်လုံးစီ ကမ်းလိုက်သည်"[၁]

ဟုလည်းကောင်း ရေးဖွဲ့ထားပါသည်။

တစ်လခန့် ကြာသောအခါတွင် မျှော်လင့်ချက်ကိုယ်စီ သမားများသည် မှန်းချက်နှင့် နှမ်းထွက် မကိုက်သောကြောင့် အပြစ်မြင်နေရာမှ ပေါက်ကွဲသွားကြသည်။ ထိုဇာတ်ကွက်ကို တင်ပြရာ၌ ဆရာဇော်ဂျီသည် သဘာဝကျသည်။ တစ်ဦးကိုတစ်ဦး အပြစ်မြင်နေခိုက်တွင် မည်သည့်အရာကိုမဆို အပြစ်ဟုသာ သတ်မှတ်ကြသည့် လူ့သဘာဝနှင့် ဆက်စပ်တင်ပြထားသည်။ ထိုအကြောင်းကို–

> "တစ်လခန့်ကြာသော နေ့လည်ခင်းတွင် နေပူပြင်းလှသည်။ အိမ်ရှေ့မှ နွားလှည်းတစ်စင်းသည် တအီအီ တကျည်ကျည် မြည်လျက် ဖြတ်သန်းသွားသည်။ အိမ်ရှေ့ခွေးကတက်တွင် မှိန်းနေသောခွေးသည် ကျည်ကျည် လောင်လောင် အူလေတော့သည်။ ထိုအချိန်တွင် အိမ်ဦးခန်း၌ ဖျာချောပေါ်တွင် ကိုချိုတ်သည် အစင်းသား အိပ်နေသည်။ ကိုချိုတ်က ခေါင်းထောင်ကြည့်သည်။ ထိုအခါ မရွှေပွင့်က နင့်ကိုမွေးမိတာ ငါ့မှာ ငါးပါးကြီးမှောက်နေပြီး နင်ဟာ အူတတ်ဟောင်တတ်တာတစ်ခုပဲ သိတယ်၊ နင့်မှာ ဘာအမွေး တစ်ပင်မှမရှိဘူး"[၂]

ဟု ကိုချိုတ်ကို စောင်းမြောင်းပြောဆိုသည်။ မရွှေပွင့်က–

> "ဆင်း ငါ့အိမ်ပေါ်က အခုဆင်း၊ နင့်မှာ လည်ပတ်တစ်ခုပဲ ရှိတယ်၊ တစ်ကိုယ်လုံး ဝဲချည်းပဲ" ဟုပြောရာ ကိုချိုတ်က–"မင်းမှာလည်း ဘာအမွေးတစ်ပင် ရှိလို့လဲကွ၊ သော့တွဲပဲ ရှိတယ်မို့လား"[၃]

ဟု ပြောဆိုသည်။

> ကိုချိုတ်သည် မရွှေပွင့်အား ကွမ်းအစ်နှင့် ဆွဲပေါက်သည်။ မရွှေပွင့်ကျောကို မှန်သည်။ ထွန့်ထွန့်လူးကာ ခုနစ်အိမ်ကြား၊

---

[၁] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၄။
[၂] – ယင်း –၊ ၁၂၇။
[၃] – ယင်း –။

> ရှစ်အိမ်ကြား အော်ဟစ်၍ ငိုယိုသည်။ ကိုချိတ်သည် သူ၏ပစ္စည်းများယူ၍ အိမ်မှ ဆင်းသွားသည်။"[၁]

ဟူ၍ ရေးဖွဲ့တင်ပြထားပါသည်။

ဇာတ်ထွတ်ပိုင်းတွင် လေးနှစ်ခန့်အကြာ၌ ကိုချိတ်နှင့်မရွှေပွင့်တို့ ဒေးဒရဲ ဇာတ်ပွဲတစ်ပွဲတွင် ဆုံတွေ့ကြသည်။ မရွှေပွင့်သည် ကရင်းနှင့် ကိုချိတ်များ ဖြစ်နေမလားဟု တွေးသည်။ ထိုအတွေးများနှင့် အနုပညာသည်ပီပီ ကနေရသော မရွှေပွင့်၏ ခံစားချက်နှင့် လှုပ်ရှားမှုများကို ဆရာဇော်ဂျီက–

> "ထိုအခါက နတ်ကတော်သည် ညာခြေတစ်ဖက်ကို ယမ်းကာ လွဲကာ ညာလက်ဝါးကို မှန့်လေပွေကင်သကဲ့သို့ မှောက်ချည် လှန်ချည် ခပ်သွက်သွက်ပင် ကလေသည်။ ကရင်း ဆိုင်းဝိုင်းဆီသို့ မျက်စိရောက်သွားရာ ဟိုလူက ကိုချိတ်များ ဖြစ်နေမလားဟူသော နတ်ကတော်၏ အတွေးသည် လေထဲတွင် အမျှင်တန်းသကဲ့သို့ ဖြစ်လာသည်။ ထို့နောက် ဆိုင်းက ပလို့ထိ ပလို့ထိနှင့် ဆင့်၍ဆင့်၍ တီးပြန်သဖြင့် ဆိုင်းနှင့်ကိုက်ညီအောင် မျက်စပစ်လိုက်၊ မေးထိုးလိုက် ကပြန်သည်။ ပရိသတ်၏ ဝဲဘက် ယာဘက်အတွက် ကိစ္စပြီးသွားသဖြင့် မျက်နှာတူရူဆီသို့ မျက်စပစ်၍ မေးထိုးလိုက်သောအခါ ကိုချိတ်၏မျက်နှာတည့်တည့် ကိုမှ မေးထိုးမိလျက်သား ဖြစ်သွားသည်။"[၂]

ဟု ရေးဖွဲ့တင်ပြထားသည်။ နတ်ကတော်မရွှေပွင့်သည် ကိုချိတ်ကိုလည်း ရှာရသည်။ ဘဝဝမ်းစာ အတွက်လည်း ဆိုင်းနှင့်အညီကရသည်။ နောက်ဆုံးတွင်မေးထိုးလိုက်ရာ၌ ကိုချိတ်နှင့်တည့်တည့် တိုးသွားပုံမှာ ထူးခြားကောင်းမွန်သော တင်ပြပုံဖြစ်သည်။ ဆရာဇော်ဂျီသည် ဇာတ်ကွက်တိုင်းကို သဘာဝကျပြီးလျှင် စာဖတ်သူ၏ စိတ်အာရုံ၌ ဇာတ်ဆောင်တို့၏ ဖြစ်ပျက်လှုပ်ရှားမှုမှန်သမျှကို ထင်မြင်ခံစားမှုလည်း ရှိလာအောင် ရေးဖွဲ့နိုင်စွမ်းရှိသည်ကို တွေ့ရသည်။

ကိုချိတ်အနေအထားကိုလည်း –

---

[၁] – ယင်း –။

[၂] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၈။

"ကိုချိတ်မျက်နှာပျက်သွား၍ လင်းကွင်းကြီးကိုမဲကာ တအားကုန်
တီးလေတော့သည်"[၁]

ဟု ရေးဖွဲ့တင်ပြခဲ့ပါသည်။ ဇာတ်ထွတ်ပိုင်းတွင် သူတို့နှစ်ဦး နားလည်ခွင့်လွှတ်ပြီး ပေါင်းစည်း မိကြသည်။ ဇာတ်သိမ်းပိုင်းတွင် စာရေးသူက တစ်မျိုးတစ်ဖုံ ထူးခြား အောင် တင်ပြသည်။ ဇာတ်ခုံ အရှေ့ပိုင်း၌ ရှင်ဘုရင်နှင့် ဝန်တို့၏ စကားသည် ဇာတ်ခုံနောက်ပိုင်းသို့ လွင့်ပျံ ရောက်လာပုံကို တင်ပြသည်။ တိုင်းပြည် သာယာမှု ရှိ မရှိ မေးမြန်းသည်။ ဝန်များက သာယာကြောင်းပြောသည်။ ရှင်ဘုရင်က–

"သာခု သာခု သာခု မင်းကြီးတို့စကားကြားရ၍ အားရွှင်မွေ့
နှလုံးတော် လေဝှေ့ သဘောတော်တွေ့တယ်မင်းကြီးများ"[၂]

ဟူ၍ ပြောသောအခါ ဆိုင်းဝိုင်းထဲမှ ပတ်မကြီးက–

"ဘေထိ ထီထီထိဟု ခပ်လေးလေး ဆွဲ၍ ဆိုင်းတွန့်လိုက်လေ
သတည်း"[၃]

ဟု အဆုံးသတ်တင်ပြရေးသားထားပါသည်။ ဇော်ဂျီသည် ကိုချိတ်နှင့် မရွှေပွင့်တို့ နှလုံးတော်၌ ကြည်နူးခံစားမှုကို နောက်ခံနှင့်တင်ပြပုံမှာ စိတ်ကူးထူးခြားသည်ဟု ဆိုနိုင်ပါသည်။

သော့တွဲနှင့်နတ်ရုပ် ဝတ္ထုတွင်လည်း ဆရာဇော်ဂျီသည် ဖိုးမာဒင်၊ ဦးသော ဘိတနှင့်ကိုခင် ဝတ္ထုများကဲ့သို့ပင် ဝတ္ထုတိုဖန်တီးမှုအတတ်ပညာကို သစ်ဆန်းအောင် အားထုတ်ထားသည်ကိုတွေ့ရသည်။ ထိုဝတ္ထုတိုတွင်မူ စရိုက်ချင်းတူနေသော လူနှစ်ဦး ပေါင်းစည်းမှုနှင့် ပြဿနာဖြစ်ပုံများကို တင်ပြရာ၌ လူ့သဘာဝအဖွဲ့များ၏ သဘာဝ ကျမှု၊ ရေးဟန်၏ အားသာမှုများကြောင့် ယနေ့တိုင် စာဖတ်သူတို့ နှစ်သက် လက်ခံ ရသည့် ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်သည်ဟု ထင်မြင်မိပါသည်။

## ခြုံသုံးသပ်ချက်

ဆရာဇော်ဂျီသည် မိမိရေးသော ဝတ္ထုတိုများကို ဖန်တီးရာ၌ အများနှင့်မတူ တစ်မူထူးခြားစွာ ဖန်တီးခဲ့ပါသည်။ ဖိုးမာဒင်ဝတ္ထုတိုတွင် ဇာတ်ဆောင်သည် ယခင် ရေးဝတ္ထုများကဲ့သို့ ပရိသတ် အကြိုက် ဇာတ်ဆောင်မျိုးမဟုတ်ဘဲ ထူးခြားသော

---

[၁] – ယင်း –။

[၂] ဇော်ဂျီ၊ ၁၉၉၁၊ ၁၂၈။

[၃] – ယင်း –။

ဇာတ်ဆောင်တစ်ဦး ဖြစ်နေသည်။ လူ့လောက ထဲသို့ ရောက်ရှိလာပြီး လူတို့နှင့် အလှမ်းကွာနေတတ်သည့် အနုပညာတစ်ခုသာ ပျော်မွေ့တွယ်တာ ရာဟု သတ်မှတ်ထားသော ဇာတ်ဆောင်တစ်ယောက်ဖြစ်သည်။ ဇာတ်လမ်းဟူ၍ မည်မည်ရရ မပါဘဲ တစ်ယောက်တည်း ရုပ်သေးရုပ်လေးတစ်ရုပ်နှင့် လှည့်လည်သွားလာနေသော အဖိုးအို မှတစ်ဆင့် လူ့လောကထဲတွင် ထိုကဲ့သို့သောလူများကို ဆက်လက် ရှာဖွေရန် ရည်ရွယ်ဟန်ရှိသည်။

ဦးသောဘိတနှင့်ကိုခင် ဝတ္ထုတွင်မူ မိန်းမတို့၏ မကောင်းကြောင်းနှင့် အမှန်တကယ် ကောင်းမွန်သော မိန်းမများလည်း ရှိသည်ဟူသော အတွေးနှစ်ရပ်ကို ယှဉ်တွဲပြရာတွင် မမျှော်လင့်သော ပြကွက်ဖြစ်နေသည်။ ထိုမမျှော်လင့်သော ပြကွက်တွင် အနည်းငယ်မျှသာ ခြယ်မှုန်းပြ ထားသည်။ စာရေးမ ဇာတ်ဆောင်သည် စာရေးသူ၏အာဘော်ကို ထင်ရှားအောင် ပြနိုင်စွမ်းရှိသည်။ ဆရာဇော်ဂျီသည် ဝတ္ထုကို တင်ပြရာတွင် တိုတိုနှင့်လိုရင်း ဖော်ပြခဲ့သည်။

ဇော်ဂျီသည် သူ့မယားဝတ္ထုတွင် စရိုက်ချင်းမတူသောလူနှင့် မယားတို့၏ သဘာဝ၊ အစွမ်းအစမရှိသော ယောကျ်ားသားတို့၏ သဘာဝများကို ဖော်ထုတ်တင်ပြထားသည်။ သော့တွဲနှင့် နတ်ရုပ် ဝတ္ထုတွင်မူ သဘောသဘာဝ တူညီသောဟန်များသော ယောကျ်ားနှင့် မိန်းမတို့ တွေ့ဆုံ ပေါင်းစည်းပုံကို လူ့သဘာဝအဖွဲ့များနှင့် အနုစိတ်ခြယ်မှုန်းသောနည်းကို သုံးကာ တင်ပြခဲ့သည်။

ဆရာဇော်ဂျီ၏ ဝတ္ထုတိုများကို လေ့လာကြည့်သောအခါ ပရိသတ်အား ဖျော်ဖြေမှုပေးရန်သက်သက် ရည်ရွယ်၍ရေးသားခြင်းမဟုတ်ဘဲ ဘဝအသိတစ်ခု ပေးရန် ရည်ရွယ်ချက်ရှိသည်ကို တွေ့ရသည်။ ရည်ရွယ်ချက်မှာလည်း စာဖတ်သူအား ဖွတ်အတင်းပြောင်းလဲစေသော ရည်ရွယ် ချက်မျိုးမဟုတ်ဘဲ ဇာတ်လမ်းဖြစ်ရပ်သည် မိမိဘဝတွင်ကြုံတွေ့လာပါက ဆင်ခြင်နိုင်ရန်နှင့် ဘဝ အမောဖြေတတ်စေရန် ရည်ရွယ်ပါသည်။ ဇာတ်လမ်းဆင် တင်ပြရာ၌လည်း ဇာတ်လမ်းထက် ဇာတ်ဆောင်ကို ဦးစားပေးသည်။ ဇာတ်ဆောင်ကို ဖန်တီးရာ၌လည်း လူ့သဘာသဘာဝအဖွဲ့ကောင်းများကို ဖန်တီးယူတတ်သည်။ သူ၏ဇာတ်ဆောင်များသည် ဒိဋ္ဌဓမ္မလောကနှင့် စိတ်ကူးကို မျှတစွာ ပေါင်းစပ်ထားသည့်အတွက် သဘာဝကျပြီးလျှင် ရသခံစားမှုကိုလည်း ပေးနိုင်ခြင်း ဖြစ်သည်ဟု ထင်မြင်မိပါသည်။

## နိဂုံး

ဆရာဇော်ဂျီသည် အနောက်တိုင်းစာပေတွင်ပါရှိသော ဝတ္ထုတိုသဘောများကို ကျွမ်းကျင် ပိုင်နိုင်သူပီပီ သူဖန်တီးသောဝတ္ထုတိုများတွင် ဝတ္ထုတိုအတတ်ပညာနှင့် အညီ ရေးဖွဲ့နိုင်သည်။ ဇော်ဂျီ၏ ဝတ္ထုတို (၃)ပုဒ်ကို လေ့လာ တင်ပြရာတွင် ဖန်တီးမှုအတတ်ပညာသုံးပုံမှာ အမျိုးမျိုး ကွဲပြားနေသည်ကို တွေ့ရသည်။ ဇော်ဂျီ၏ အခြားဝတ္ထုများတွင်လည်း တစ်ပုဒ်နှင့်တစ်ပုဒ် မတူသည့် ဖန်တီးမှုများကို လေ့လာ တွေ့ရှိနိုင်မည်ဟု ထင်မြင်မိပါသည်။ သူ၏ဝတ္ထုတိုများကို လေ့လာခြင်းဖြင့် ဝတ္ထုတို တွင် အသုံးပြုသည့် နည်းပရိယာယ်များကို စာဖတ်သူတို့ ပိုမိုသိမြင် ခံစားနိုင်မည်ဟု ယူဆမိပါသည်။

## ကျမ်းကိုးစာရင်း


ဇော်ဂျီ။ (၁၉၉၈)။ *ဇော်ဂျီကဗျာပေါင်းချုပ်* ။ ရန်ကုန်၊ စာပေလောကစာအုပ်တိုက်။

ဇော်ဂျီ။ (၁၉၉၉)။ *ဝတ္ထုတိုပေါင်းချုပ်* ။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ဇော်ဂျီ။ (၂၀၀၉)။ *ရသစာပေ၏သဘော* ။ ရန်ကုန်၊ ရူဝံပုံနှိပ်တိုက်။

တာရာ၊ (ဒဂုန်–)။ (၁၉၆၇)။ *စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု* ။ ရန်ကုန်၊ နံ့သာပုံနှိပ်တိုက်။

မင်းကျော်။ (၁၉၇၅)။ *ဇာတ်လမ်း* ၊ တော်လှန်စာပေ။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

မျိုးမင်း၊ ဦး၊ (ပါမောက္ခ)။ (၁၉၆၀)။ *နိဒါန်း* ၊ ခင်နှင်းယု၏ကြေးမုံရိပ်သွင် ။ ရန်ကုန်၊ စစ်သည်တော်စာပေ။

သိန်းဖေမြင့်။ (၁၉၆၈)။ *ဝတ္ထုရေးနည်းနိဿျည်းနှင့် တိုက်ပွဲဝင်စာများ* ။ ရန်ကုန်၊ ယမုန်နာစာပေ။